# ကြေးမုံ The Mirror

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ တနင်္ဂနွေနေ့၊ (22-4-2012) (၇၀၉၈)


**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေဖြင့် ပြုပြင်မွမ်းမံလှူဒါန်းခဲ့သည့် သုဓမ္မာဇရပ် ၁၉ ဆောင် ရေစက်ချအလှူမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၂၁

**ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ်တန်း ဇရပ်ဆောင်အမှတ်(၁၅)၌ ကျင်းပသည့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနက ဦးဆောင်ပြီး စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေဖြင့် ပြုပြင်မွမ်းမံလှူဒါန်းခဲ့သည့် သုဓမ္မာဇရပ် ၁၉ ဆောင် ရေစက်ချအလှူမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**



ရှေးဦးစွာ နံနက် ၈ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ် ၁၉ ဆောင် ပြုပြင်မွမ်းမံထားရှိမှု၊ အလှူရှင်များ၏ ကမ္ပည်းမော်ကွန်းများ စိုက်ထူထားရှိမှုနှင့် ရာဇဝင်နိပါတ်တော်လာ ပန်းချီကားများ ရှေးမူလက်ရာမပျက် ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဇရပ်အဆောင်များအား ရှေးဟောင်းလက်ရာမပျက် ရေရှည်တည်တံ့ခိုင်မြဲအောင် စနစ်တကျမှတ်တမ်းတင်၍ ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကာ ဇရပ်ဆောင်အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ရေစက်ချအလှူ မင်္ဂလာအခမ်းအနားသို့ တက်ရောက် ကြည်ညိုရာ ရှေးဦးစွာ အခမ်းအနားကို ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ မိုးထိတိုက်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဉာဏထံမှ ပြည်ထောင်စု ဝန်ကြီးနှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က သုဓမ္မာဇရပ်များ ပြုပြင်မွမ်းမံလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်းဆရာတော်အား သက်နှင်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အခမ်းအနားမှူးက ရှေးဟောင်းသုဓမ္မာဇရပ်များ ပြုပြင်မွမ်းမံခြင်းနှင့် စပ်လျဉ်း၍ မပြည့်စုံမှု၊ မှားယွင်းမှုရှိပါက ခွင့်လွှတ်ပါရန် လျှောက်ထားတောင်းပန်လွှာကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်းဆရာတော်က ယခု သုဓမ္မာဇရပ် ၁၉ ဆောင်အား **စာမျက်နှာ ၃ ကော်လံ ၁ သို့**☆

## ရေစက်သွန်းချ အမျှပေးဝေ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ပရိသတ်များ သုဓမ္မာဇရပ် ၁၉ ဆောင် ရေစက်ချအလှူမင်္ဂလာ အခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေကြစဉ်။

(သတင်းစဉ်)

# ဧဝရက်တောင်ခြေ၌ သုတေသနဓာတ်ခွဲခန်း ထူထောင်မည်

ဘာသာပြန် - တက်လူ

**ခတ္တမန္ဒူ ဧပြီ ၂၁**

အမေရိကန် သိပ္ပံပညာရှင်များသည် ကမ္ဘာ့အမြင့်ဆုံးတောင်ထွတ်ရှိသော ဧဝရက်တောင်၏ တောင်ခြေစခန်း၌ သုတေသနဓာတ်ခွဲခန်း တစ်ခုကို ထူထောင်မည်ဖြစ်ကြောင်း နီပေါသတင်းဌာနများက ဧပြီ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။



**ဧဝရက်တောင်ပေါ်သို့ တက်ရောက်လျက်ရှိကြသော တောင်တက်သမားများကို တွေ့ရစဉ်။**

အမေရိကန်နိုင်ငံ မင်နီဆိုးတားပြည်နယ်ရှိ မေယိုကလင်းနစ်အမည်ရှိ ဆေးသုတေသနအဖွဲ့အစည်းမှ သိပ္ပံပညာရှင်များသည် ကမ္ဘာ့လေထုလွှာ အထက်ပိုင်းနှင့် လူသားများ၏ ဇီဝကမ္မဗေဒ ဆက်နွယ်ပုံကို သိရှိနိုင်ရန် သုတေသနဓာတ်ခွဲခန်း တစ်ခုကို ဧဝရက်တောင်ခြေတွင် ဖွင့်လှစ်ကာ လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ကမ္ဘာ့လေထုလွှာ အထက်ပိုင်းသို့ ရောက်ရှိနေသော တောင်တက်သမားများ၏ ဇီဝကမ္မဗေဒဆိုင်ရာ အချက်အလက်များအပေါ် အခြေခံကာ သုတေသနပြုလုပ်ခြင်းဖြင့် နှလုံးရောဂါနှင့် အခြားသော နာမကျန်းမှုများနှင့် ပတ်သက်၍ ကုထုံးများ ဖော်ထုတ်ရာတွင် အထောက်အကူရရှိမည် ဖြစ်သည်။

အမေရိကန်သိပ္ပံပညာရှင်များ အဖွဲ့ကို ဒေါက်တာဘရုဂျွန်ဆင်က ဦးဆောင်ပြီး အဖွဲ့ဝင်ရှစ်ဦးပါဝင်သည်။

အမေရိကန် သိပ္ပံပညာရှင်များ အဖွဲ့သည် ဧဝရက်တောင်အနီး လူခါလာမြို့ရှိ လေယာဉ်ကွင်းသို့ ဧပြီ ၂၀ ရက်တွင် လေယာဉ်ဖြင့် ဆိုက်ရောက်လာခဲ့ကြသည်။

အဆိုပါ အဖွဲ့သည် သုတေသနဓာတ်ခွဲခန်းကို ထူထောင်နိုင်ရန် အလေးချိန် ကီလို ၆၈၀ (ပေါင်ချိန် ၁၅၀၀)ရှိ ကိရိယာများကို ယူဆောင်ခဲ့ကြသည်။

သုတေသနအဖွဲ့သည် ဧဝရက်တောင်ပေါ်သို့ တက်ရောက်မည့် တောင်တက်သမားကိုးဦးကို လေ့လာစောင့်ကြည့်ကာ သုတေသန ပြုလုပ်မည်ဖြစ်သည်။ အင်တာနက်။


ယနေ့သတင်းအညွှန်း

**နေရာတိုင်းမှာ သူ့မျက်နှာ**

မပြောမပြီး မတီးမမြည် စာမျက်နှာ - ၉

**စားသုံးသူကို စာနာပါ**

အသိပညာပေး မှတ်စု စာမျက်နှာ - ၇

**ပြောမဆုံးပေါင် တောသုံးတောင်**

အသိပညာပေး မှတ်စု စာမျက်နှာ - ၂

**မဲခေါင်ဒေသဖွံ့ဖြိုးရေး ကန်ဒေါ်လာ ခုနစ်ဘီလီယံကျော် ဂျပန်ကူညီမည်**

နိုင်ငံတကာသတင်း စာမျက်နှာ - ၅

# ကြေးမုံ စာတည်းရှုထောင့်

၂၂-၄-၂၀၁၂(တနင်္ဂနွေနေ့)။

## ချီးကျူးခံရသည်ဖြစ်စေ၊ ကဲ့ရဲ့ခံရသည်ဖြစ်စေ

လူတိုင်းတွင် ချီးကျူးစရာလည်းရှိသည်။ ကဲ့ရဲ့စရာလည်းရှိမည်။ ထို့ကြောင့် ချီးကျူးခြင်းကိုလည်းခံရမည်။ ကဲ့ရဲ့ခြင်းကိုလည်း ခံရမည်။ ချီးကျူးခံရခြင်း၊ ကဲ့ရဲ့ခံရခြင်းတို့မှ ကင်းလွတ်သူဟူ၍ မည်သူမျှရှိနိုင်မည်မဟုတ်ပေ။ မည်သူမဆိုချီးကျူးခံရခြင်း၊ ကဲ့ရဲ့ခံရခြင်းတို့နှင့် ကြုံကြရမည်သာ ဖြစ်ပေသည်။

သူတစ်ပါးက မိမိကိုချီးကျူးမည်၊ ကဲ့ရဲ့မည်။ မိမိကသူတစ်ပါးကို ချီးကျူးမည်၊ ကဲ့ရဲ့မည်။ ချီးကျူးသူ၊ ကဲ့ရဲ့သူ၏ အထင်အမြင်အပေါ်မူတည်ပြီး ချီးကျူးခြင်း၊ ကဲ့ရဲ့ခြင်းဖြစ်ပေါ်လာရပေသည်။ ချီးကျူးသူ၊ ကဲ့ရဲ့သူ၏ အထင်အမြင်ဟူသည် မှန်သည်လည်းရှိသည်။ မှားသည်လည်းရှိမည်။ ဥပမာအားဖြင့် လက်ဝါးတစ်ခုကို ထောင်ပြလိုက်သည်ဟုဆိုပါစို့။ လက်ဖဝါးဟူ၍ မြင်သူရှိမည်။ ပြောသူရှိမည်။ လက်ဖမိုးပါဟူ၍လည်း မြင်သူရှိမည်။ ပြောသူရှိမည်။ လက်ဖဝါးဟူ၍ မြင်သူ၊ပြောသူသည် လက်ဖမိုးပါဟူ၍ မြင်သူ၊ပြောသူနှင့်ကား ဆန့်ကျင်ဘက်ဖြစ်နေ၏။ လက်ဖမိုးပါဟူ၍ မြင်သူ၊ပြောသူကလည်း လက်ဖဝါးဟူ၍ မြင်သူပြောသူနှင့် ဆန့်ကျင်လျက်ရှိနေမည်သာ ဖြစ်ပေသည်။

ချီးကျူးခြင်းအစစ်အမှန်သည် အားပေးအားမြှောက်ခြင်းဖြစ်သည်။ ချီးကျူးခြင်းအစစ်အမှန်သည်ကား မုဒိတာမြစ်ဖျားမှစီးဆင်းလာ၏။ အစစ်အမှန်ချီးကျူးနိုင်သူ၏ နှလုံးအိမ်တွင် တိုးတက်ကြီးပွားစေချင်သော စေတနာကောင်းသည် ကိန်းတည်နေ၏။ မုဒိတာပွားနိုင်၏။ ကဲ့ရဲ့ခြင်းသည် အပြစ်တင်ရှုတ်ချခြင်းဖြစ်သည်။ ကဲ့ရဲ့ခြင်းသည်ကား ကောင်းကျိုးချမ်းသာကို မလိုလားသော၊ မရှုဆိတ်သော အဘိဇ္ဈာဗျာပါဒမြစ်ဖျားမှ စီးဆင်းလာခြင်းဖြစ်၏။ ကဲ့ရဲ့ခြင်းတွင် မွေ့လျော်သူ၏နှလုံးသား၌ နွမ်းပါးနိမ့်ကျ၊ ပျက်စီးဆုတ်ယုတ်စေလိုသောစေတနာဆိုးသည် ကိန်းတည်နေ၏။

အများအားဖြင့်မူ ချီးကျူးမှုကိုသာခံယူလိုကြ၏။ ချီးကျူးပေးရန်ကိုကား ဝန်လေးတတ်ကြ၏။ ကဲ့ရဲ့မှုကိုမလိုလားကြ။ သို့သော် ကဲ့ရဲ့ရန်အတွက်ကား ဝန်မလေးကြပေ။ ချီးကျူးခံရလျှင် သာယာမိန်းမောရသည်။ ကဲ့ရဲ့ခံရလျှင် တုန်လှုပ်ချောက်ချားရ၏။ ချီးကျူးခြင်းကြောင့် ခံစားရသော သာယာမိန်းမောခြင်း၊ ကဲ့ရဲ့ခြင်းကြောင့်ခံစားရသော တုန်လှုပ်ချောက်ချားခြင်းတို့သည်ကား ချီးကျူးခြင်းခံရသူ၊ ကဲ့ရဲ့ခြင်းခံရသူ၏ ဆောင်ရွက်ဆဲကိစ္စ၊ လျှောက်လှမ်းဆဲခရီးတို့အတွက် အဟန့်အတားများသာဖြစ်ပေသည်။ သာယာမိန်းမောနေခြင်းသည်လည်း ရပ်တန့်နေခြင်းသဘောကိုဆောင်၍ တုန်လှုပ်ချောက်ချားနေခြင်းသည်ကလည်း ရပ်တန့်နေခြင်းသဘောကိုဆောင်နေသောကြောင့် ဖြစ်ပါသည်။

ချီးကျူးခံရခြင်းကို သာယာမိန်းမောမနေအပ်သလို ကဲ့ရဲ့ခံရခြင်းကိုလည်း တုန်လှုပ်ချောက်ချားနေစရာမလိုပေ။ ချီးကျူးတိုင်းလည်း ဂုဏ်ယူစရာချည်းမဟုတ်သလို ကဲ့ရဲ့တိုင်းလည်း တုန်လှုပ်ချောက်ချားစရာချည်းမဟုတ်သည်ကို ဆင်ခြင်နှလုံးသွင်းအပ်ပါသည်။ တချို့သော ချီးကျူးခြင်း၊ ကဲ့ရဲ့ခြင်းတို့သည် အဂတိဖက်၊ ဘက်လိုက်ခြင်းမျိုးနှင့် မကင်းနိုင်သောကြောင့်ဖြစ်ပါသည်။ ချီးကျူးခြင်းသည် အားပေးလိုက်ခြင်းဖြစ်ရာ ချီးကျူးခံရသူအတွက် အားသစ်မာန်သစ်များတိုးပွားလာရပေသည်။ ထိုအားသစ်မာန်သစ်တို့သည် တစ်စုံတစ်ရာသော အတိုင်းအတာအထိ ကောင်းကျိုးချမ်းသာကို အထောက်အပံ့ပေးနိုင်သည်ဆိုပါက အဟောဝတကောင်းလေစွ။ ချီးကျူးခြင်းကြောင့် တိုးပွားလာမည်ဖြစ်သော အားသစ်မာန်သစ်တို့ဖြင့် လူမိုက်အားပေး လူမိုက်မွေးခြင်းမျိုးဖြစ်ပါက မခက်ပါလော။

ဆောင်ရွက်ဆဲဆောင်ရွက်လတ္တံ့၊ လျှောက်လှမ်းဆဲ လျှောက်လှမ်းလတ္တံ့ကာလအတွင်း၌ ချီးကျူးခံရသည်ဖြစ်စေ၊ ကဲ့ရဲ့ခံရသည်ဖြစ်စေ သာယာမိန်းမောခြင်းကင်းစွာ၊ တုန်လှုပ်ချောက်ချားခြင်းကင်းစွာဖြင့် လားရာမပြောင်း၊ မစောင်းမတိမ်း၊ မယိမ်းမယိုင်စေဘဲ ဆက်လက်ဆောင်ရွက်ခရီးနှင်ရမည်ကို သတိမူသင့်လှ၏။

ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက် စကားအတိုင်း ချီးမွမ်းသံသည်လည်း ခုနစ်ရက်ကြာလျှင် ပျောက်ကွယ်သွားပေလိမ့်မည်။ ကဲ့ရဲ့သံသည်လည်း ခုနစ်ရက်ကြာလျှင် ပျောက်ကွယ်သွားပေလိမ့်မည်။ မပျောက်ကွယ်မီခုနစ်ရက်တာကာလအတွင်း ချီးကျူးခံရခြင်းကို သာယာမိန်းမောနေလျှင်. . .။ ကဲ့ရဲ့ခံရခြင်းကို တုန်လှုပ်ချောက်ချားနေလျှင်. . . နောက်ကျကျန်ရစ်နေမည်မှာ သေချာပါဘိ။ ။



ချင်းပြည်နယ် မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်ရှိ ကျောင်းများအတွက် ပညာရေးမြှင့်တင်မှုတွင် အသုံးပြုရန် အထက်တန်းကျောင်း တစ်ကျောင်းလျှင် ငွေကျပ် တစ်သိန်းစီနှင့် အလယ်တန်းကျောင်း တစ်ကျောင်းလျှင် ငွေကျပ် ငါးသောင်းစီကို မင်းတပ်မြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးရှိန်းလိန်းအောင် ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်ထံ ဧပြီ ၁၁ ရက်က ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ်ပညာရေး)

## IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စာမေးပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၂၁**

မြန်မာနိုင်ငံ IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF)က ကြီးမှူး၍ ITPEC စာမေးပွဲမှ Fundamental IT Engineer Exam. နှင့် IT Passport Exam.များကို ဧပြီ ၂၉ ရက်တွင် စစ်ဆေးကျင်းပမည်ဖြစ်သည်။

စာမေးပွဲများသို့ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး IT ပညာစိတ်ပါဝင်စားသည့် ကျောင်းသား ကျောင်းသူများ၊ IT Knowledge အခြေခံရှိသူများ၊ လက်တွေ့နယ်ပယ်တွင် IT ပညာရပ်ကို အသုံးပြု၍ လုပ်ငန်းလုပ်ကိုင်နေသူများ ဝင်ရောက်ဖြေဆိုနိုင်သည်။

စာမေးပွဲဖြေဆိုလိုသူများသည် လှိုင်မြို့နယ် မြန်မာအင်ဖိုတက်(ခ်)ရှိ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဖုန်း -၆၅၂၃၀၇ နှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဖုန်း-၆၅၂၂၇၆ နှင့် ၇၃၀၈၈၃၀၀ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၁ - ၄ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ(ကျပ်) | ၈၂၂. ၀၀၀ | ၀. ၀၀၁၂၂ |
| ထိုင်း (ဘတ်) | ၃၀. ၇၂၀၀ | ၀. ၀၃၂၅၅ |
| တရုတ် (ယွမ်) | ၆. ၃၀၅၈၀ | ၀. ၁၅၈၅၈ |
| အိန္ဒိယ (ရူပီး) | ၅၂. ၀၈၄၉ | ၀. ၀၁၉၂၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၆၅၅၀ | ၀. ၃၂၆၂၁ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၄၈၇၀ | ၀. ၈၀၀၈၃ |
| ဂျပန် (ယန်း) | ၈၁. ၅၁၅၀ | ၀. ၀၁၂၂၇ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၉. ၀၀ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၅၆၄၅ | ၁. ၃၂၁၉၆ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၀၁၀ | ၁. ၆၁၂၆၅ |

**အင်တာနက်။**

## သိပ္ပံနည်းကျ ပေါင်ပျိုးစနစ်စိုက်ပျိုးနည်းလေ့လာ

**ရေစကြို ဧပြီ ၂၁**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ညောင်စောက်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၅) တောင်သူဦးတင်ညွန့်၏ လယ်မြေတွင် အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧက မျိုးစေ့ချခြင်းကို သိပ္ပံနည်းကျပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးကြသည်။ **(အောက်ယာပုံ)**

မျိုးစေ့ချပွဲတွင် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစိန်မောင်နှင့် ဂျပန်စိုက်ပျိုးရေးသင်တန်းကျောင်း (OISCA) မှ တာဝန်ရှိသူတို့က သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်နှင့်အညီ စိုက်ပျိုးပြသမည့် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးနည်းပညာများကို လေ့လာရေး တောင်သူများနှင့် ဂျပန်စိုက်ပျိုးရေး သင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများအား အသေးစိတ်ပညာပေးရှင်းလင်းပြီး အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးခြင်းအား စိတ်ဝင်စားကြသော တောင်သူများလည်း တက်ရောက်လေ့လာကြသည်။

အဆိုပါ အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧက စိုက်ပျိုးရန် ၁၀ ဧကစာ ပျိုးထောင်ခြင်းဖြစ်သည်။“ကျွန်မတို့ ဂျပန်စိုက်ပျိုးရေး သင်တန်းကျောင်း (OISCA) မှ စပါးမျိုးစေ့များကို တစ်ကီလို ငွေကျပ် ၃၃၀၀ ဖြင့် နေပြည်တော်မှ ဝယ်ယူ၍ တောင်သူများအား ထောက်ပံ့ပေးခဲ့ပြီး တစ်ဧကလျှင် ခုနစ်ကီလို အသုံးပြုရမှာဆိုတော့ ၁၀ ဧကစာ မျိုးစေ့ဖိုး ငွေကျပ် ၂၃၁၀၀၀ ကုန်ကျပါတယ်။ ဓာတ်မြေဩဇာမြေခံအသုံးပြုရန်အတွက်လည်း အာမိုကွန်ပေါင်း ဓာတ်မြေဩဇာကို တစ်ဧကလျှင် တစ်အိတ်နှုန်းဖြင့် ၁၀ ဧကစာ ထောက်ပံ့ပေးပြီး ဖြစ်ပါတယ်။ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးရန် ကုန်ကျစရိတ်အတွက်လည်း တောင်သူများကို တစ်ဧကလျှင် တစ်သိန်းကျပ်ဖြင့် အတိုးမဲ့ ငါးလစာ ထုတ်ချေးပေးပြီးဖြစ်ပါတယ်။ အခြားလိုအပ်တာများကိုလည်း ဆက်လက်ကူညီဆောင်ရွက်ပေးသွားမှာပါ”ဟု ဂျပန်စိုက်ပျိုးရေးသင်တန်းကျောင်းမှ လက်ထောက်မန်နေဂျာ ဒေါ်နီနီစိုးက ပြောကြားသည်။

အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးသည် ယခုနှစ်နွေစပါးမှ စတင်၍ စမ်းသပ်စိုက်ပျိုးခြင်းဖြစ်ပြီး တစ်ဧကလျှင် တင်း ၂၀၀ ကျော် ထွက်ရှိသော တောင်သူများ ဝင်ငွေတိုး၍ တွက်ခြေကိုက်သော မျိုးဖြစ်၍ စိတ်ဝင်စားသူများလျက်ရှိသည်။ မြို့နယ်တွင်း တောင်သူများထံ မျိုးများ ဖြန့်ဝေပေးသွားမည်ဟုလည်း သိရသည်။

(အိမွန်ဆွေ)



## ပြောမဆုံးပေါင် တောသုံးတောင်

ရန်ကုန်မြို့နေပြည်သူများအနက် လူနည်းစု ကိုယ်ပိုင်ကားစီးနိုင်သူများမှအပ အများစုမှာ နေ့စဉ်ဘတ်စ်ကားကိုသာ အားကိုးသွားလာနေကြရသည်။ ထိုသို့ သွားလာရာတွင် စိတ်ချမ်းမြေ့စွာသွားလာနိုင်မှုမှာ နည်းပါးပြီး နိစ္စဓူဝကိစ္စဖြစ်၍ စိတ်ခံစားမှုကို မေ့ပျောက်ပြီး သွားလာလှုပ်ရှားနေကြရသည်။

မကြာမီက မမျှော်လင့်ဘဲ ၁-၁-၁၉၅၆ နေ့ထုတ် ဟံသာဝတီသတင်းစာကို ဖတ်ရှုမိသည်။ သတင်းစာ၏ သတင်းနှင့်မှတ်ချက်ကဏ္ဍ၌ ဘတ်စ်ကားပေါ်သို့ တက်လာပြီး ကားခမပေးသော ခရီးသည်၊ ငါးပြားစခန်းကို တစ်ဆယ်ကျပ်တန် ထုတ်ပေးသောခရီးသည်၊ ပိုက်ဆံလို၍ ထပ်တောင်းသည်ကို ရန်တွေ့သောခရီးသည်၊ ဘတ်စ်ကားပေါ်တွင် အဆဲအဆိုများဖြင့် ကျယ်လောင်စွာ စကားပြောသောခရီးသည်၊ တစ်ပါးသူမကြားအပ်သော စကားများပြောဆိုသည့်ခရီးသည်၊ လူမည်မျှပင်ကျပ်ကျပ် ဒူးထောင်ပေါင်ကားထိုင်သော ခရီးသည်၊ ကလေးများကို ပေါင်ပေါ်မတင်ချင်သော ခရီးသည်၊ ခုံပေါ်ရှိ မိမိဘေးတွင်ချထားသည့် လွယ်အိတ်ပစ္စည်းစသည်တို့ကို အခြားသူထိုင်နိုင်ရန် ပေါင်ပေါ်တင်မပေးချင်သော ခရီးသည် စသည်တို့အကြောင်းကို ဖတ်ရှုလိုက်ရသည်။

ယင်းသတင်းစာကို ဖတ်ရှုရပြီး မိမိတို့ဘတ်စ်ကားစီးခရီးသည်များမှာ နှစ်တွေ၊ စနစ်တွေ မည်မျှပင်ပြောင်းပြောင်း အကျင့်စရိုက်က မပြောင်းသေးပါလားဟု စဉ်းစားမိသည်။ ယခုအခါ ပို၍ဆိုးသည်မှာ မောင်နှင့်နှမ၊ သားနှင့်အမိသဖွယ် စာနာခြင်းမရှိရမ်းကားသော အမျိုးသားခရီးသည် အချို့ကြောင့် အမျိုးသမီးခရီးသည်များအား ခရာများ လိုက်လံဝေ့နေသည် ဆိုသည်မှာလည်း ရှက်ဖွယ်လိလိပင် ဖြစ်ပါသည်။

တစ်ဆက်တည်းစဉ်းစားမိသည်မှာ ယခင်က ဘတ်စ်ကားများတွင် ခရီးသည် မည်မျှတင်ဆောင်နိုင်သည်ဟု တင်ဆောင်နိုင်သည့်ခရီးသည်ဦးရေကို ကားဘေးတွင် မြင်သာစွာရေးထားပြီး ကားအတွင်းရှိ ထိုင်ခုံများမှာလည်း ခရီးသည်တင်ဆောင်နိုင်သည့်ဦးရေအတိုင်း အတိအကျပါရှိသည်ကို တွေ့ရှိရသည်။

သို့ရာတွင် ယခုအခါ ရိုးရိုးဘတ်စ်ကားများ၌ ခရီးသည်ပိုတင်နိုင်ရန် ထိုင်ခုံများဖြုတ်ထားသကဲ့သို့ အထူးယာဉ်များ၌လည်း ခရီးသည်ပိုတင်နိုင်အောင် နှစ်ယောက်သာသာထိုင်နိုင်သောထိုင်ခုံကို သုံးယောက်ထိုင်ခုံပြုလုပ်ထားခြင်း၊ ထိုင်ခုံအရေအတွက်ပိုဆံ့အောင် ထိုင်ခုံတစ်ခုနှင့်တစ်ခု နီးကပ်စွာတပ်ဆင်ထားသဖြင့် ဒူးခေါင်းအောက်သို့ ချ၍ မရဘဲ အချို့ယာဉ်များမှာ ဒူးခေါင်းကိုမြှောက်ကာ ရင်ဘတ်နှင့်ကပ်၍ စီးနင်းရခြင်းစသည်တို့မှာ ခရီးသည်များအနေဖြင့် စိတ်မချမ်းမြေ့စရာများပင်ဖြစ်ပါသည်။

အထူးယာဉ်လူပိုမတင်ရဟုဆိုပြီး စစ်ဆေးရေးအဖွဲ့များက စစ်ဆေးသည်များကိုလည်း တွေ့ရှိရပါသည်။ အရေးယူခံရသည့် ယာဉ်များမှာ ရှာမှရှား ကံဆိုးသူမောင်ရှင်များသာဖြစ်လိမ့်မည်ဟု ထင်ပါသည်။ မည်မျှအထိ လူပိုတင်သည်ဟုပြောရမည်ဆိုလျှင် တစ်တောင်သာသာကျယ်သော ကားအတွင်း လူသွားလမ်းတွင် ခရီးသည်နှစ်ဦးကျောချင်းကပ်၍ ပြွတ်သိပ်စွာတင်သဖြင့် စာရေးသူကိုယ်တိုင် လူကြားမှတိုးအထွက် ကျွတ်လုလုပုဆိုးခါးပုံစကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ဆင်းရသည်မှာ မကြာခဏဖြစ်သကဲ့သို့ အမျိုးသမီးအချို့မှာလည်း လူအုပ်ကြားမှ တိုးအထွက် အင်္ကျီကြယ်သီးပြုတ်ထွက်သဖြင့် လက်ဖြင့်ဖိကာရှက်ရှက်ဖြင့် ခေါင်းငုံ့ကာ ဆင်းသွားရသော အမျိုးသမီးများကိုလည်း တွေ့မြင်နေရပါသည်။ ဤမျှအထိ ခရီးသည်များအား ကာယိန္ဒြေပျက်လောက်အောင် ကိုယ်ချင်းမစာ မိမိအကျိုးစီးပွားတစ်ခုတည်းကိုသာကြည့်သော ယာဉ်များအား မထသနှင့်တာဝန်ရှိသူများက ထိရောက်စွာ အရေးယူသင့်သည်ဟု ယူဆပါသည်။

အလားတူဘတ်စ်ကားပေါ်သို့ တက်လာသော အမျိုးသမီးများအား နောက်ကျောမှသိုင်းဖက်ကာဆွဲတင်သော ယာဉ်နောက်လိုက်များ၊ ဘတ်စ်ကားပေါ်မှ အဆင်းတွင် မြန်မြန်ဆင်းဟုဆိုကာ နောက်ကျောဘက်မှ တွန်းချသော ယာဉ်နောက်လိုက်များ၊ ခရီးသည်များအား အော်ငေါက်ရိုင်းပျစွာ ဆက်ဆံသော ယာဉ်နောက်လိုက်များအားလည်း နေ့စဉ်လိုလိုတွေ့မြင်နေရပါသည်။

ဘတ်စ်ကားအကြောင်းပြောရလျှင် ပြောမဆုံးပေါင် တောသုံးတောင်ဟု ဆိုရမည်လားမသိ၊ ရေးရန်များစွာကျန်ပါသေးသည်။ မည်သို့ပင်ဆိုစေ စိတ်ချမ်းမြေ့စွာ ခရီးတစ်ထောက်သွားလာနိုင်ရေးအတွက် ခရီးသည်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ မထသနှင့်တာဝန်ရှိသူများ သူ့စည်းကိုယ့်စည်းလုံအောင် ထိန်းသိမ်းပြုပြင်နိုင်မည်ဆိုလျှင် ဤခရီးအနီးလေးပါဟု ဆိုချင်ပါသည်။ ။

(မောင်လှိုင်)

☆စေတနာရှင်မှ
ရေရှည်တည်တံ့ခိုင်မြဲအောင်စနစ်တကျ ဆက်လက်ထိန်းသိမ်းသွားရန်နှင့် တစ်နိုင်ငံလုံးရှိ ရှေးဟောင်းအမွေအနှစ်များကိုလည်း ပြုပြင်မွမ်းမံ ထိန်းသိမ်းစောင့်ရှောက်သွားရန်တို့ကို ဩဝါဒချီးမြှင့်မြွက်ကြားပြီး ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် မန္တလေးတိုင်းဒေသကြီး မဟာဝိသုဒ္ဓါရုံတိုက်သစ်ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယနှင့် နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသာသနာဘိဝံသတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးမှ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

သုဓမ္မာဇရပ်များကို မင်းတုန်းမင်းကြီးက ကောဇာသက္ကရာဇ် ၁၂၂၆ ခု (ခရစ်နှစ် ၁၈၆၄)တွင် ရတနာပုံစံကျောင်းနှင့် ကျောက်တော်ကြီးဘုရားအကြား၌ ဇရပ်(၁၈)ဆောင်၊ ရေကျုံးလမ်းတစ်လျှောက်တွင် ဇရပ် ၁၅ ဆောင် စုစုပေါင်း ၃၃ ဆောင်ကို တည်ဆောက်လှူဒါန်းခဲ့ကြောင်း၊ သုဓမ္မာဇရပ်များပေါ်တွင် နှစ်စဉ်ဝါဆိုလဆန်း ၈ ရက်မှ ဝါခေါင်လဆန်း ၈ ရက်အထိ တစ်လတိုင်တိုင် စာပြန်ပွဲသဘင် ကျင်းပခဲ့ကြောင်း၊ ရတနာပုံခေတ်ဝါတွင်းကာလ ဥပုသ်သည်များ၏ ကွန်းခိုရာနေရာလည်းဖြစ်ခဲ့ကြောင်း၊ ၎င်းအပြင် ယခုကာလအထိ ကျောက်တော်ကြီးဘုရား၊ စန္ဒာမုနိဘုရားနှင့် ကုသိုလ်တော်ဘုရားတို့၏ နှစ်စဉ်ကျင်းပမြဲဘုရားပွဲတော်များတွင် အများပြည်သူတို့ အပန်းဖြေနားခိုရာနေရာများဖြစ်ကြောင်း။

သုဓမ္မာဇရပ်ဆောင်များသည် အုတ်၊ အင်္ဂတေခံ၊ လုံးပတ်လေးပေကျော်ရှိ သစ်သားတိုင်လုံး ၂၈ လုံးဖြင့် တည်ဆောက်ထားသည့် အမိုးနှစ်ထပ်၊ လည်ပေါ်တစ်ဆင့်ခံ ထားဝယ်ဆောင်ပုံစံတစ်ထပ်အဆောက်အအုံဖြစ်ကာ ထုပ်စွပ်၊ လျောက်စွပ်စနစ်ဖြင့် တည်ဆောက်ထားပြီး တစ်ဆောင်လုံးကို ဟင်္သပဒါးဆေးသုတ်လိမ်းထားသည့် အလျား ၅၁ ပေ၊ အနံ ၂၇ ပေ၊ အမြင့် ၃၁ ပေ အရွယ်အစားရှိကြောင်း။

ဗြိတိသျှတို့ သိမ်းယူပြီးနောက် လမ်းဖောက်လုပ်ရန် ဖျက်သိမ်းခံရခြင်းနှင့် လူတို့၏ ပယောဂနှင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ဇရပ် ၁၄ ဆောင်ရှိခဲ့ပြီး ယခုအခါ ဇရပ် ၁၉ ဆောင်သာ ကျန်ရှိကြောင်း၊ ဇရပ်များ၏ ကွန်းစင်တိုင်ခန်းနှင့် လက်ခံတိုင်ခန်းထိပ်ပိုင်းနေရာများတွင် ပန်းချီဆရာမြနှင့် ဆရာအေးတို့၏ ရာဇဝင်နိပါတ်တော် ဆီဆေးလက်ရာပန်းချီကား ၄၈၉ ချပ်ကို ၁၉၀၅ ခုနှစ်တွင် ရေးဆွဲပြီး ချိတ်ဆွဲလှူဒါန်းခဲ့ကြောင်း။

ယခုကျန်ရှိသည့် သုဓမ္မာဇရပ် ၁၉ ဆောင်အနက် ခြောက်ဆောင်အား ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ဘဏ္ဍာငွေကျပ်သိန်းပေါင်း ၂၅၀ ဖြင့် လည်းကောင်း၊ ဇရပ် ၁၃ ဆောင်အား စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၄၅၈ ဒသမ ၈ သိန်းဖြင့် လည်းကောင်း ပြုပြင်မွမ်းမံခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအပြင် နိပါတ်တော်လာပန်းချီကား ၄၈၉ ချပ်အနက် ၁၅၀ ချပ်အား ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ဘဏ္ဍာငွေကျပ် ၄၅ သိန်းဖြင့် သိပ္ပံနည်းကျ သန့်စင်ထိန်းသိမ်းမှုဆောင်ရွက်ခဲ့ကြောင်း၊ ကျန်ပန်းချီကား ၃၃၉ ချပ်ကိုလည်း ခေတ်မီဓာတုဗေဒနည်းများဖြင့် ဆက်လက်ပြုပြင်မွမ်းမံသွားမည် ဖြစ်ကြောင်း၊ သုဓမ္မာဇရပ် ၁၉ ဆောင်နှင့်ပန်းချီကားများကို လဟာပြင် နိပါတ်တော် ပန်းချီပြခန်းသဖွယ် ခင်းကျင်းပြသသွားရန် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ပြုပြင်ပြီးစီး၍ ရေစက်ချလှူဒါန်းခဲ့သည့် သုဓမ္မာဇရပ်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး ကာလရှည်ကြာ၍ ပျက်စီးမှုများ ထပ်မံဖြစ်ပေါ်လာပါက ယနေ့ ပြုပြင်လှူဒါန်းခဲ့ကြသည့် မူလအလှူရှင်များ ပြန်လည်ပြုပြင်လှူဒါန်းလိုပါက လှူဒါန်းနိုင်ရေးအတွက် ဇရပ်တစ်ဆောင်ချင်း၏ အလှူရှင်များထံသို့ ဦးစွာအသိပေးအကြောင်းကြား ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဆက်လက်၍လည်း တစ်နိုင်ငံလုံးရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် စေတီ၊ ပုထိုး၊ ဂူ၊ ကျောင်း၊ အဆောက်အအုံများအား နိုင်ငံတော်အစိုးရနှင့် စေတနာရှင်အလှူရှင် ပြည်သူလူထုတို့ ပူးပေါင်း၍ ပြုပြင်မွမ်းမံထိန်းသိမ်းနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ် ၁၉ ဆောင် ပြုပြင်မွမ်းမံထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)



**သန်လျင် အထက(၁) ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ ကျန်းမာရေး၊ လူမှုရေးစောင့်ရှောက်မှု အဖွဲ့ ရန်ပုံငွေမှ အသက်အရွယ်ကြီးရင့်သူ ဝေဒနာခံစားနေရသော အငြိမ်းစား ဆရာကြီး ဆရာမကြီး ၂၀ တို့အား မြန်မာနှစ်ဆန်းတစ်ရက်နေ့က အိမ်တိုင်ရာရောက် သွားရောက်၍ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ဂါရဝပြုထောက်ပံ့ခဲ့ရာ အသက် (၉၉)နှစ်ရှိ အထပြ(ငြိမ်း) ဆရာမကြီး ဒေါ်အဖိန်အား ပူဇော်ပွဲနာယက ဦးတင်ဝင်း၊ အတွင်းရေးမှူး ဦးမောင်မောင်တိုးနှင့် ကော်မတီဝင်များက ထောက်ပံ့ပေးအပ်ကြစဉ်။** (၅၂၇)

## ယာဉ်/လမ်း စည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**မော်လူး ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသတွင်းရှိ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေး အင်းတော်မြို့နယ် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်လမ်းညွှန်မှု ထော်လာဂျီယာဉ်များ အသိပညာပေးဟောပြောပွဲကို ဧပြီ ၁၃ ရက် နံနက် ၉ နာရီက မော်လူးဘူတာအနီး မြမာလာရပ်ကွက်(၅)၌ ကျင်းပရာ မော်လူးရဲတပ်ဖွဲ့မှူး ရဲအုပ်နေဝင်း၊ ဒုတိယရဲအုပ် စိန်ဂေါင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများ တက်ရောက်ကြသည်။

အခမ်းအနားကို ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု အင်းတော်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှုဖြင့် မော်လူးရဲတပ်ဖွဲ့မှူး ရဲအုပ် နေဝင်းက ယာဉ်တိုက်မှုလျော့နည်းကျဆင်းစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် အချက်များကို အသိပညာပေး ရှင်းလင်းပြောကြားပြီး သက်ဆိုင်သည့် ပြစ်မှုပြစ်ဒဏ် ဥပဒေပုဒ်မများနှင့်အတူ အရေးယူဆောင်ရွက်သွားမည့် အခြေအနေများကို ပညာပေး ဟောပြောကြောင်း သိရသည်။

ယင်းနောက် မော်တော်ဆိုင်ကယ်အသုံးပြုသူများ ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ သတ်မှတ်ယာဉ်ကြောမှ မောင်းရန်၊ နှစ်ဦးထက်ပိုမစီးရန်၊ အရှိန်ပြင်းမမောင်းရန်၊ မောင်းနှင်သူနှင့် ဆိုင်ကယ်ထော်လာဂျီတွင် သတ်မှတ်လိုင်စင်များ ပါရှိစေရန်အတွက် ထော်လာဂျီအစီး ၅၀ ကျော်ကို မော်လူးဒေသ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီက ဟောပြောကြောင်း သိရသည်။ (၆၈၅)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

**၂၂-၄-၂၀၁၂ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၅း၄၀ | “ဘယ်မှာနေပြီး ဘယ်လိုသေကြမလဲ” တရားတော် [ဆရာတော်အရှင်ပုညာနန္ဒ] |
| ၁၀း၀၅ | APCမှကြီးမှူးကျင်းပသော နိုင်ငံတကာပညာရေးဆွေးနွေးပွဲ |
| ၁၂း၀၀ | ပညာ့အလင်းစာကြည့်တိုက်ဖွင့်ပွဲ ကျုံတနီးကျေးရွာခနုဖြူမြို့နယ် |
| ၂း၂၀ | ဈေးဝယ်လမ်းညွှန် (Ctown Electronic) |
| ၃း၄၅ | ရန်ကုန်မြင်ကွင်းကျယ် (PISM ကျောင်းဆင်းပွဲ အခမ်းအနား) |
| ၄း၅၅ | **I Got It** |
| ၅း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပုံပြောကောင်းတဲ့ချစ်သူ” (အပိုင်း-၂၀)** |
| ၆း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အချစ်တေးသံရင်ခုန်သံ” (ဇာတ်သိမ်းပိုင်း)** |
| ၇း၁၀ | ရန်ကုန်မြင်ကွင်းကျယ် [ရွှေနန်းတော်စိန်ရွှေရတနာဆိုင် (၁၈)နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားများ] (အပိုင်း-၁) |
| ၈း၃၀ | ဗီဒီယိုပြခန်း |
| ၉း၂၅ | Barclays Premier League Wolves Vs Man City |
| ၁၁း၂၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဘဝအားမာန်” (အပိုင်း-၁၄)** |
| ၂း၂၅ | ပြည့်ဝန်ထမ်း၍ ဆက်လှမ်းနေမည်. . |
| ၄း၅၀ | ရွှေကျင်မြေတွင် တည်ထားပူဇော် ဆံတော်ရှင်အရှေ့ မဟာဗုဒ္ဓဘုရားကြီး (ခေါ်)မွေတော်မွန်ခရာဇ် စေတီတော် |

### Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | | | ပြသမည့်လိုင်း |
|---|---|---|---|---|
| ၅း၅၅ | Man U | - | Everton | (ESPN) |
| ၉း၂၅ | Liverpool | - | West Brom | (ESPN) |
| ၉း၂၅ | Wolves | - | Man City | (Star Sports)(MRTV-4) |

*** ပွဲစဉ်အပြောင်းအလဲ ရှိနိုင်ပါသည်။**

## ခရိုင်သင်္ကြန်ယိမ်းပြိုင်ပွဲ ပထမဆု နှစ်ဆုရ ယိမ်းအဖွဲ့အား ဂုဏ်ပြုပွဲ ကျင်းပ

**တောင်ငူ ဧပြီ ၂၁**

၁၃၇၃ ခုနှစ် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီမှ ကြီးမှူးကျင်းပသည့် သင်္ကြန်ပွဲတော်ပြိုင်ပွဲတွင် သင်္ကြန်ယိမ်း ပထမဆုနှင့် သင်္ကြန်မယ် ပထမဆုရ တောင်ငူ မြို့နယ် အမှတ်(၁၁) ရပ်ကွက်မှ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့အား ဂုဏ်ပြုပွဲ အခမ်းအနားကို ဧပြီ ၂၀ ရက် ညနေ ၅ နာရီက ကန်တော်အမက၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့မိမြို့ဖ ဦးကျော်လှ (သမာဓိ)**(ယာပုံ)**၊ ရပ်မိရပ်ဖ ဦးမြင့်သူ (နန်းသူဇာပဲလှော်)၊ ဆရာကြီး ဦးတင်မြင့် (ငြိမ်း)နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မျိုးတို့က ဂုဏ်ပြုအမှာစကားပြောကြားကြပြီး ဆုရဖလား နှစ်ခုအား ရပ်ကွက်အုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်ပြီး အကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (၁၂၉)




## ရဲဇာနည် စာကြည့်တိုက်နှင့် မူကြိုကျောင်းဖွင့်

**ပဲခူး ဧပြီ ၂၁**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် ရဲတပ်ဖွဲ့မှ ပေါင်းတည်ရဲစခန်းဝင်းအတွင်းရှိ ရဲရိပ်သာတွင် ရဲဇာနည်စာကြည့်တိုက်နှင့် မူကြိုကျောင်းဖွင့်ပွဲကို မတ် ၂၄ ရက် နံနက် ၇နာရီတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စံဝေ ဦးစီးဆောင်ရွက်ပြီး ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရဲဇာနည် စာကြည့်တိုက်နှင့် မူကြိုကျောင်းဖွင့်လှစ်ပွဲသို့ ရဲမှုထမ်းဟောင်းများနှင့် တပ်ဖွဲ့ဝင်မိသားစုများ တက်ရောက်ကြပြီး အကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ (၆၀၇)

## မြောက်ပိုင်းခရိုင်၌ ယိမ်းအကပြိုင်ပွဲအား ဆုချီးမြှင့်

**ရန်ကုန် ဧပြီ ၂၁**

၁၃၇၃ ခုနှစ် မဟာသင်္ကြန် ရန်ကုန်မြောက်ပိုင်းခရိုင် “ရွှေရည်နံ့သာ” ဗဟိုရေကစားဆုပေးမဏ္ဍပ် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၁၆ ရက်က ပြုလုပ်ရာ လှိုင်သာယာမြို့နယ်မှ မိုးကောင်းလှပျိုဖြူ ယိမ်းအဖွဲ့က ပထမ၊ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် တန်ခူးရွှေဝါ ယိမ်းအဖွဲ့က ဒုတိယနှင့် မြို့သစ် (က+ခ) မြို့သစ် (ဂ) ပိတောက်ရွှေဝါယိမ်းအဖွဲ့က တတိယရရှိကြပြီး အဆိုပါ ယိမ်းအဖွဲ့များကို ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက ဆုများချီးမြှင့်ခဲ့သည်။ နှစ်သိမ့်ဆုများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်တင်တင်ဦးတို့က ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ (၆၈၄)



**နေပြည်တော် တပ်ကုန်းမြို့နယ် ကင်မွန်းတန်းအုပ်စု ဆင်သေကျေးရွာရှိ အသက် (၇၅)နှစ်အထက် သက်ကြီးဘိုးဘွား ၃၂ ဦးတို့အား ဒုတိယ အကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၆ ရက် နံနက် ၉ နာရီက ပညာ့အားမာန် စာကြည့်တိုက်၌ ကျင်းပစဉ်။** (ကြေးမုံ)

# ရေနံကြွယ်ဝသော အာတိတ်ဒေသနှင့်ပတ်သက်၍ တရုတ်နှင့် အိုက်စလန် သဘောတူညီချက်ရရှိ

**ရေကျာဗစ် မေ ၂၁**

**ရေနံကြွယ်ဝသော အာတိတ်ဒေသနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် အိုက်စလန်နိုင်ငံတို့ သဘောတူညီချက် တစ်ရပ်ရရှိကြောင်း၊ တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်သည် ဥရောပလေးနိုင်ငံခရီးစဉ်၏ ပထမဆုံးခရီးတစ်ထောက် နိုင်ငံအဖြစ် အိုက်စလန်နိုင်ငံ မြို့တော်ရေကျာဗစ်သို့ ရောက်ရှိနေချိန်တွင် ယင်းသဘောတူညီချက်ကိုရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖော်ပြသည်။**

တရုတ်ဝန်ကြီးချုပ်၏ အိုက်စလန်ခရီးစဉ် ပထမနေ့၌ သဘောတူညီချက် ခြောက်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဝမ်ကြားပေါင်သည် အိုက်စလန်ဝန်ကြီးချုပ် ဂျီဟန်နာဆီဂါဒါဒိုတီယာနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

စွမ်းအင်လိုအပ်ချက်မြင့်မားနေသော တရုတ်နိုင်ငံသည် အာတိတ်ဒေသရှိ ရေနံသိုက်များမှ ရေနံကို ဝယ်ယူရရှိနိုင်ရန် လိုလားသည်။

အိုက်စလန်နိုင်ငံသည် အာတိတ်ဒေသအနီး၌ တည်ရှိသည်။ ယနေ့ကာလတွင် ဝင်ရိုးစွန်းဒေသရှိ ရေခဲများ ကျုံ့လာလျက်ရှိရာ ယင်းဒေသရှိ ရေနံအရင်းအမြစ်များကို တူးဖော်ထုတ်လုပ်ရန် အခွင့်အခါသင့်လာခဲ့သည်။

ရေခဲပြင်များကျုံ့လာခြင်းကြောင့် အာတိတ်ဒေသကို ဖြတ်သန်း၍ သင်္ဘောများကူးသန်းသွားလာနိုင်မည့် အလားအလာ ဖြစ်ပေါ်လာသည်။ **အင်တာနက်။**



**အာတိတ်ဒေသရှိ ရေနံတူးစင်တစ်ခုကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



# အဂ္ဂနိ-၅ ဒုံးကျည်အစီအစဉ်၏ အရေးပါသောနေရာမှ အမျိုးသမီး ဒုံးပျံပညာရှင်တစ်ဦး ပါဝင်

နယူးဒေလီ မေ ၂၁

**အိန္ဒိယနိုင်ငံမှ မေ ၁၉ ရက်တွင် စမ်းသပ်ပစ်လွှတ်မှု အောင်မြင်ခဲ့သော အဂ္ဂနိ-၅ အမည်ရှိ တိုက်ချင်းပစ်ဒုံးကျည် စီမံကိန်းတွင် အရေးပါသောနေရာမှ အမျိုးသမီးဒုံးပျံပညာရှင်တစ်ဦး ပါဝင်လုပ်ဆောင်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။**



**အမျိုးသမီး ဒုံးပျံပညာရှင် တေစီတောမတ်စ်။**

*(ဓာတ်ပုံ-အင်တာနက်)*

၎င်းမှာ အိန္ဒိယကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့မှ အမျိုးသမီးသိပ္ပံပညာရှင် တေစီတောမတ်စ်ဆိုသူ ဖြစ်သည်။

တေစီတောမတ်စ်သည် မဟာဗျူဟာမြောက် တိုက်ချင်းပစ်ဒုံးကျည်တည်ဆောက်မှုတွင် ပါဝင်လုပ်ဆောင်ခဲ့သည့် တစ်ဦးတည်းသော အမျိုးသမီးသိပ္ပံပညာရှင်ဖြစ်သည်။

အသက် (၄၉) နှစ်ရှိ မစ္စတောမတ်စ်သည် အိန္ဒိယကာကွယ်ရေး သုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့(ဒီအာဒီအို)တွင် ၁၉၈၈ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သည်။ အမျိုးသားများသာ လွှမ်းမိုးထားခဲ့သော ဒုံးကျည်တည်ဆောက်ရေး အစီအစဉ်မှာ အိန္ဒိယအစိုးရ၏ လျှို့ဝှက်အဆင့် ကာကွယ်ရေးစီမံကိန်း တစ်ရပ်ဖြစ်သည်။

**ခွဲခြားဆက်ဆံမှု မရှိသင့်**

နည်းပညာဆိုင်ရာနယ်ပယ်တွင် ကျား-မ ခွဲခြားဆက်ဆံမှု မရှိသင့်ကြောင်း၊ မိမိ၏အလုပ်ကိုသာ အောင်မြင်အောင် လုပ်ဆောင်မည်ဆိုလျှင် ရပ်တည်ချက်ခိုင်မာကြောင်း တေစီတောမတ်စ်က ပြောကြားသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း ကေရာလာပြည်နယ် အလက်ပီမြို့တွင် အသေးစား စီးပွားရေးလုပ်ငန်းရှင်ဖြစ်သူ ဖခင်နှင့် မိခိုသူမိခင်တို့မှ တေစီတောမတ်စ်ကို ဖွားမြင်ခဲ့ပြီး ၎င်းမှာ ရိုမန်ကတ်သလစ် ခရစ်ယာန်ဘာသာဝင်ဖြစ်သည်။

မစ္စတေစီတောမတ်စ်သည် ကေရာလာပြည်နယ်တွင် ပညာဆည်းပူးခဲ့ပြီးနောက် အသက်(၂၀) အရွယ်တွင် အိန္ဒိယနိုင်ငံ မဟာရာရှတြာပြည်နယ် ပူနေးမြို့၌ ပဲ့ထိန်းဒုံးကျည်ဆိုင်ရာ မဟာဘွဲ့ကို တက်ရောက်သင်ယူခဲ့သည်။ **အင်တာနက်။**

# သောင်းကျန်းသူငါးဦးအား အာဖဂန်လုံခြုံရေးတပ်ဖွဲ့ ဖမ်းဆီး ဖောက်ခွဲရေးပစ္စည်း ၁၀ တန် သိမ်းဆည်းရမိ

**ကဘူး မေ ၂၁**

အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့များသည် သောင်းကျန်းသူငါးဦးအား ဖမ်းဆီးမိခဲ့ပြီး ၎င်းတို့နှင့်အတူ ဖောက်ခွဲရေးပစ္စည်း ၁၀ တန်ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် ကဘူးမြို့၏ လူထူထပ်ရာဒေသများတွင် အကြမ်းဖက်တိုက်ခိုက်ရန် အစီအစဉ်ရှိကြောင်း အာဖဂန်အစိုးရတာဝန်ရှိသူတစ်ဦးက မေ ၂၁ ရက်တွင် ပြောကြားသည်။

ဖမ်းဆီးခံရသူငါးဦးအနက် သုံးဦးမှာ ပါကစ္စတန်လူမျိုးများဖြစ်ပြီး ကျန်နှစ်ဦးမှာ အာဖဂန်လူမျိုးများဖြစ်ကြောင်း၊ ၎င်းတို့သည် ဖောက်ခွဲရေးပစ္စည်းများကို ပါကစ္စတန်မှ ကဘူးမြို့တော်သို့ သယ်ယူလာခဲ့ကြောင်း အာဖဂန်နစ္စတန် ထောက်လှမ်းရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရှဖီကွာလက်တာဟီရိက သတင်းထောက်များအား ပြောကြားသည်။

လူ ၅၀ ကျော် သေဆုံးခဲ့ရသည့် မေ ၁၅ ရက် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများမဖြစ်ပွားမီ နှစ်ရက်အလိုတွင် အာလူးများတင်ဆောင်လာသည့် ကုန်တင်ကားတစ်စီးအတွင်း သို့ဝှက်သယ်ယူလာသော ယင်းဖောက်ခွဲရေးပစ္စည်းများကို ကြားဖြတ်သိမ်းဆည်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အာဖဂန်ထောက်လှမ်းရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ ယင်းဖောက်ခွဲရေးပစ္စည်းများကို အသုံးပြု၍ ဖောက်ခွဲမှုများပြုလုပ်ခဲ့ပါက ကြီးမားသော သွေးထွက်သံယိုမှုကြီးဖြစ်ပွားနိုင်ကြောင်းလည်း ၎င်းက ပြောကြားသည်။

မေ ၁၀ ရက်တွင် အာဖဂန်နစ္စတန်မြို့တော် ကဘူးရှိ နိုင်ငံခြားသံရုံးများ၊ နိုင်ငံခြားတပ်ဖွဲ့များ၏ စစ်အခြေစိုက်စခန်းများတွင် လူအသေအပျောက်ရှိသော တိုက်ခိုက်မှုအများအပြား ဖြစ်ပွားခဲ့သည်။ တာလီဘန်အဖွဲ့က ၎င်းတို့၏ နွေဦးရာသီခုခံမှု စတင်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းတိုက်ခိုက်မှုမှာ ၁၀ နှစ်သက်တမ်းရှိ အာဖဂန်စစ်ပွဲအတွင်း တာလီဘန်အဖွဲ့၏ သဲကြီးမဲကြီး တိုက်ခိုက်မှုကြီးဖြစ်သည်။

ယမန်နှစ် စက်တင်ဘာလအတွင်းက အမေရိကန်သံရုံးနှင့် နိုင်ငံခြားတပ်ဖွဲ့များတည်ရှိရာနေရာကို ပစ်မှတ်ထား၍ တာလီဘန်အဖွဲ့က ၁၉ နာရီကြာ စီးနင်းတိုက်ခိုက်မှုတွင် လူ ၁၄ဦး သေဆုံးခဲ့ရသည်။ **အင်တာနက်။**

# ဆိုင်းနိုင်းကျွန်းဆွယ်မှ ထွက်ခွာကြရန် အစ္စရေးကမ္ဘာလှည့်ခရီးသည်များကိုတိုက်တွန်း

**ဂျေရုဆလင် မေ ၂၁**

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းသဲကန္တာရကျွန်းဆွယ်မှ အစ္စရေးလူမျိုး ကမ္ဘာလှည့်ခရီးသည်များ ချက်ချင်းထွက်ခွာကြရန် အစ္စရေးအစိုးရအဖွဲ့က သတိပေးလိုက်ကြောင်း မေ ၂၁ ရက်သတင်းတွင် ဖော်ပြသည်။

လာမည့်ရက်များအတွင်း အစ္စရေးလူမျိုး ကမ္ဘာလှည့်ခရီးသည်များကို စစ်သွေးကြွများက တိုက်ခိုက်မည်ဟု ခိုင်မာသောသတင်းများ ရရှိထားသဖြင့် ယင်းသို့ သတိပေးခြင်းဖြစ်ကြောင်း အစ္စရေးအစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အိုဖီဂျင်ဒယ်မန်းက ပြောကြားသည်။ သို့ရာတွင် ၎င်းက အသေးစိတ် ပြောကြားခြင်းမရှိပေ။

ဆိုင်းနိုင်းကျွန်းဆွယ်၌ အစ္စရေးလူမျိုး ကမ္ဘာလှည့်ခရီးသည်ဦးရေ မည်မျှရှိသည်ကို ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ဆိုင်းနိုင်းကျွန်းဆွယ်သည် ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်သည့်နေရာဒေသတစ်ခုဖြစ်သည်။

ပြီးခဲ့သည့်ဩဂုတ်လက စစ်သွေးကြွများသည် ဆိုင်းနိုင်းကျွန်းဆွယ်မှ အစ္စရေးနိုင်ငံအတွင်းသို့ ဝင်ရောက်လာသူ ရှစ်ဦးကို သတ်ဖြတ်သွားခဲ့သည်။ **အင်တာနက်။**

# ဟက်လစ်ရေနံမြေမှ တောင်ဆူဒန်တပ်ဖွဲ့ များ ရုပ်သိမ်းတော့မည်

**ဂျူဘာ/ခါတွန် မေ ၂၁**

တောင်ဆူဒန်နိုင်ငံသည် အငြင်းပွားလျက်ရှိသည့် ရေနံကြွယ်ဝသော ဟက်လစ်ဒေသမှ ၎င်း၏တပ်ဖွဲ့များကို ရုပ်သိမ်းတော့မည်ဖြစ်ကြောင်း မေ ၂၀ ရက်တွင် ကြေညာခဲ့သည်။

ယင်းဒေသကို လွန်ခဲ့သည့်ရက်သတ္တပတ်က ဆူဒန်နိုင်ငံထံမှ သိမ်းထားခဲ့ခြင်းဖြစ်သည်။ တောင်ဆူဒန်နိုင်ငံ၏ ကြေညာချက်ကြောင့် နှစ်နိုင်ငံ စစ်မီးတောက်မည့်အလားအလာမှာ မှေးမှိန်သွားခဲ့ပြီဖြစ်သည်။



**တောင်ဆူဒန်ကြေညာချက်ထွက်ပေါ်ပြီးနောက် ခါတွန်မြို့၌ ပျော်မြူးနေကြသော ဆူဒန်နိုင်ငံသားများကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

ဆူဒန်နိုင်ငံက ၎င်း၏တပ်ဖွဲ့များသည် ဟက်လစ်ဒေသကို လွတ်မြောက်စေခဲ့ကြောင်း ချက်ချင်းကြေညာခဲ့သည်။ ခါတွန်မြို့၏ လမ်းမများပေါ်သို့ ထောင်ပေါင်းများစွာသော ပြည်သူများ ထွက်လာကာ အော်ဟစ်ကြွေးကြော်ကြသည်။ ကကြခုန်ကြသည်။ ကားများကိုဟွန်းတီးကြသည်။ နိုင်ငံအလံများ ဝှေ့ယမ်းကြသည်။

တောင်ဆူဒန်နိုင်ငံ၏ ဟက်လစ်ရေနံမြေကို သိမ်းပိုက်ခြင်းသည် အာဖရိကမှ အချုပ်အခြာပိုင်ဆိုင်သော နှစ်နိုင်ငံ စစ်ပွဲဆင်နွှဲမည့်အလားအလာ မြင့်တက်လာစေခဲ့သည်။

**အရှိန်တက်လာ**

၂၀၀၅ခုနှစ် ငြိမ်းချမ်းရေးစာချုပ်အရ ဇူလိုင်လအတွင်း၌ တောင်ဆူဒန်နိုင်ငံသည် ဆူဒန်နိုင်ငံမှ လွတ်လပ်ရေး ရရှိခဲ့ပြီးနောက် နှစ်နိုင်ငံတင်းမာမှုများ အရှိန်တက်လာခဲ့သည်။

တောင်ဆူဒန်နိုင်ငံက နိုင်ငံ၏ရေနံသိုက်အများဆုံးရှိရာဒေသကို ရရှိခဲ့သည်။

သို့သော်လည်း နယ်စပ်ဒေသသတ်မှတ်ခြင်းနှင့် ပတ်သက်၍ နှစ်နိုင်ငံမှာ ပြေလည်စွာ ဖြေရှင်းနိုင်ခြင်းမရှိသေးပေ။ နှစ်နိုင်ငံလုံး၏ စီးပွားရေးအားထားရာ ရေနံထုတ်လုပ်ခြင်းကိုလည်း အငြင်းပွားလျက်ရှိသည့် အခြားအကြောင်းများကြောင့် စတင်လုပ်ဆောင်နိုင်ခြင်းမရှိသေးပေ။

တောင်ဆူဒန်သမ္မတ ဆာလ်ဗာကီယာသည် ၎င်း၏ တပ်ဖွဲ့များကို သုံးရက်အတွင်း ဆုတ်ခွာရန် အမိန့်ပေးထားပြီးဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးက တောင်ပိုင်းမြို့တော် ဂျူဘာတွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

**အင်တာနက်။**



# အီတလီ၏ ပထမဦးဆုံးသော ပုဂ္ဂလိကပိုင် အမြန်ရထား စမ်းသပ်ခရီးစဉ် စတင်

**ရောမ မေ ၂၁**

အီတလီနိုင်ငံ၏ ပထမဦးဆုံးသော ပုဂ္ဂလိကပိုင် အမြန်ရထားကွန်ရက်၏ ရထားစမ်းသပ်ခရီးစဉ်ကို မေ ၂၀ရက်တွင် စတင်လိုက်ကြောင်း၊ ဗွေဆော်ဦးရထားခရီးစဉ်အဖြစ် ရောမမြို့မှ နေပယ်လ်မြို့သို့ ခုတ်မောင်းထွက်ခွာသွားကြောင်း သတင်းတွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

အီတလီနိုင်ငံ၏ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ မတည်ရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိကပိုင် အမြန်ရထားကွန်ရက်ကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။ အဆိုပါရထားသည် တစ်နာရီလျှင် ကီလိုမီတာ ၃၀၀အမြန်နှုန်းဖြင့် ခုတ်မောင်းနိုင်သည်။

ပုဂ္ဂလိကပိုင် အမြန်ရထားကွန်ရက်အတွက် ရန်ပုံငွေထူထောင်ပေးသူများတွင် ဖာရာရီကုမ္ပဏီဥက္ကဋ္ဌ မွန်တီကီမိုလိုနှင့် ရှူးဖိနပ်လုပ်ငန်းကုမ္ပဏီပိုင်ရှင် ဒယေဂိုဒီလာဗယ်လီတို့ ပါဝင်သည်။

အီတလီနိုင်ငံ၏ ရထားလုပ်ငန်းကို နိုင်ငံတော်က အဓိကချုပ်ကိုင်ထားချိန်တွင် ပုဂ္ဂလိကကဏ္ဍကို ရထားလုပ်ငန်း လုပ်ကိုင်ခွင့်ပေးခြင်းဖြစ်သည်။ အီတလီနိုင်ငံပိုင် ရထားလုပ်ငန်းကွန်ရက်တွင် ရထားခရီးစဉ် ၂၅ ခုရှိပြီး နေပယ်လ်၊ ရောမ၊ ဖလောရင့်စ်၊ ဗင်းနစ်၊ တူရင်နှင့် မီလန်တို့အပါအဝင် မြို့ကြီး ကိုးမြို့အထိ ကွန်ရက်ချဲ့ထွင်သွားရန် ရည်မှန်းထားသည်။ **ဆင်ဟွာ။**



*ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း။* (ဓာတ်ပုံ-အင်တာနက်)

# ၂၀၃၀ ခုနှစ်၌ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးစွဲမှုနှစ်ဆမြှင့်တင်ရေး ကုလအကြီးအကဲ ဆော်ဩ

**ဝါရှင်တန် မေ ၂၁**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေရှည်ခိုင်မာရေးအတွက် လာမည့်ဆယ်စုနှစ်နှစ်စုအတွင်း တစ်ကမ္ဘာလုံးဆိုင်ရာ ပြန်လည်ဖြည့်ဖြိုးမြဲ စွမ်းအင်သုံးစွဲမှုကို နှစ်ဆတိုးမြှင့်ရန် ကုလသမဂ္ဂအကြီးအကဲ ဘန်ကီမွန်းက တောင်းဆိုခဲ့ကြောင်း မေ ၂၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

**အကောင်အထည်ပေါ်လာနိုင်**

နိုင်ငံရေးအရ ဦးဆောင်မှုပေးနိုင်ပါက ၂၀၃၀ ခုနှစ်၌ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးစွဲမှု နှစ်ဆတိုးမြှင့်ရေးအစီအစဉ်သည် အကောင်အထည်ပေါ်လာနိုင်ကြောင်း ကုလအကြီးအကဲက ပြောကြားခဲ့ သည်။

လက်ရှိကာလ၌ ကမ္ဘာတစ်ဝန်း စွမ်းအင်သုံးစွဲမှု ပမာဏ၏ ၁၆ ရာခိုင်နှုန်းမှာ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြစ်သည်။

စွမ်းအင်သုံးစွဲရာတွင် မိမိတို့အနေဖြင့် အထူးကန့်သတ်သုံးစွဲရမည်ဖြစ်ကြောင်း၊ နေအိမ်၌သော်လည်းကောင်း၊ ရုံး၌သော်လည်းကောင်း ရှိရင်းစွဲ စွမ်းအင်သုံးစွဲမှုဆိုင်ရာ အလေ့အထများအား လုံးလုံးလျားလျား ပြောင်းလဲပစ်ရမည်ဖြစ်ကြောင်း ကုလအကြီးအကဲ ဘန်ကီမွန်းက ပြောကြားခဲ့သည်။

ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ငါးပုံတစ်ပုံဖြစ်သော ကမ္ဘာ့ပြည်သူပေါင်း ၁ ဒသမ ၃ ဘီလီယံတို့မှာ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ခြင်းမရှိပေ။

အလုပ်အကိုင်၊ သယ်ယူပို့ဆောင်ရေး၊ ရေအရင်းအမြစ်၊ ကျန်းမာရေး စသောကဏ္ဍများ၌ စွမ်းအင်သည် အဓိကကျကြောင်း ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ကုလအကြီးအကဲက ပြောကြားခဲ့သည်။

***အင်တာနက်။***

# အာကာသနည်းပညာသူလျှိုလုပ်မှု အမေရိကန်၏ စွပ်စွဲချက် တရုတ်ပယ်ချ



ပေကျင်း မေ ၂၁

**တရုတ်နိုင်ငံ၏ အာကာသစူးစမ်းလေ့လာရေးအစီအစဉ်များ အောင်မြင်မှုရခဲ့သည့် အကြောင်းရင်းများထဲတွင် နည်းပညာသူလျှိုလုပ်မှုများ တစ်စိတ်တစ်ပိုင်းပါဝင်နေကြောင်း အမေရိကန်ပြည်ထောင်စု၏စွပ်စွဲမှုကို တရုတ်အာဏာပိုင်များက ငြင်းပယ်ခဲ့ကြောင်း မေ ၂၀ ရက် သတင်းများတွင် ဖော်ပြထားသည်။**



အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့က မေ ၁၈ ရက်တွင် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့ရာ ဂြိုဟ်တုများ တည်ဆောက်ရာ၌ အသုံးပြုသော ပစ္စည်းကိရိယာများနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပတင်ပို့မှုဆိုင်ရာ ထိန်းချုပ်မှုများကို လျှော့ချပေးရန် အကြံပြုတင်ပြထားသည်။

သို့ရာတွင် တရုတ်နှင့်အီရန်ကဲ့သို့သော နိုင်ငံများသို့ အာကာသနည်းပညာဆိုင်ရာ ပစ္စည်းကိရိယာများ တင်ပို့မှုကို တင်းတင်းကျပ်ကျပ်ထိန်းချုပ်ရန် အဆိုပါအစီရင်ခံစာက အကြံပြုထားပြီး တရုတ်နိုင်ငံသည် အာကာသနည်းပညာများကို လျှို့ဝှက်ရယူနေကြောင်း စွပ်စွဲထားသည်။

အမေရိကန်အစိုးရ၏ အစီရင်ခံစာပါ အခြေအမြစ်မရှိသော စွပ်စွဲချက်များကို မိမိတို့ကန့်ကွက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ အာကာသစူးစမ်းလေ့လာရေးအစီအစဉ်များ အောင်မြင်ရခြင်းသည် ကြိုးစားမှု၊ တီထွင်ဆန်းသစ် နိုင်မှုနှင့် တရုတ်ပြည်သူတို့၏ လုံ့လဝီရိယတို့ကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

***အင်တာနက်။***

# တောင်အာဖရိကသမ္မတ ဆဋ္ဌမမြောက်လက်ထပ်ပွဲ ဆင်နွှဲ

**ဂျိုဟန်နက်စဘတ်စ် မေ ၂၁**

တောင်အာဖရိကနိုင်ငံ၏ ဇနီးများရှင်သမ္မတကြီး ဂျက်ကော့ဘ်ဇူးမားသည် ၎င်း၏ စတုတ္ထမြောက် ဇနီးကို မေ ၂၀ ရက်က လက်ထပ်ထိမ်းမြားခဲ့ကြောင်း သိရသည်။ အသက် (၇၀)အရွယ်ရှိ တောင်အာဖရိကသမ္မတ ဂျက်ကော့ဘ်ဇူးမားသည် ၎င်း၏ ဘဝသက်တမ်းတစ်လျှောက် မင်္ဂလာပွဲပေါင်း ခြောက်ကြိမ်ဆင်နွှဲခဲ့သည်။

သမ္မတဂျက်ကော့ဘ်ဇူးမားသည် ဇာတိမြေ ကွာဇူးလူးနာတယ်လ်ပြည်နယ်ရှိ ၎င်း၏နေအိမ်၌ မစ္စ ဘွန်ဂီ ငီမားအမည်ရှိ အမျိုးသမီးအား ရိုးရာအစဉ်အလာနှင့်အညီ လက်ထပ်ထိမ်းမြားခဲ့သည်။ အဆိုပါမင်္ဂလာပွဲသည် သမ္မတဇူးမားအတွက် လေးနှစ်ကျော်ကာလအတွင်း တတိယအကြိမ်မြောက်ပြုလုပ်ခဲ့သော မင်္ဂလာပွဲဖြစ်ပြီး ၂၀၀၉ ခုနှစ် အာဏာရရှိချိန်နောက်ပိုင်း ဒုတိယအကြိမ်မြောက်ဆင်နွှဲခဲ့သော မင်္ဂလာပွဲလည်းဖြစ်သည်။

သမ္မတဇူးမားသည် ဘဝသက်တမ်းတစ်လျှောက် အိမ်ထောင်ခြောက်ဆက်ကျခဲ့သော်လည်း ဇနီးတစ်ဦးမှာ ကွယ်လွန်ခဲ့ပြီး အခြားဇနီးတစ်ဦးကိုမူ ကွာရှင်းပြတ်စဲပေးခဲ့ရသည်။

***အင်တာနက်။***

# အမေရိကန်စစ်ပြန်များအား စောင့်ရှောက်မှုပေးရန် စိတ်ကျန်းမာရေးလုပ်သားများ လိုအပ်

**ဝါရှင်တန် မေ ၂၁**

နိုင်ငံရပ်ခြားစစ်မျက်နှာများမှ အမေရိကန်ပြည်ထောင်စုသို့ ပြန်လည်ရောက်ရှိလာသူ စစ်မှုထမ်းဟောင်းများ ပိုမိုများပြားလာသည့်အတွက် ၎င်းတို့အား စောင့်ရှောက်မှုပေးရန် စိတ်ကျန်းမာရေးဆိုင်ရာလုပ်သားအင်အားကို မြှင့်တင်မည်ဖြစ်ကြောင်း၊ အမေရိကန်စစ်မှုထမ်းဟောင်းများရေးရာဌာန၏ စိတ်ကျန်းမာရေးလုပ်သားအင်အားကို ၁၀ ရာခိုင်နှုန်းနီးပါးမျှ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း အမေရိကန်လက်နက်ကိုင်တပ်ဖွဲ့များ သတင်းဌာနမှ မေ ၂၀ ရက်တွင် ပြောကြားသည်။

**ပါဝင်**

ယင်းဌာနအနေဖြင့် စိတ်ပိုင်းဆိုင်ရာကုသရေးဝန်ထမ်း ၁၆၀၀ ခန့် လိုအပ်နေပြီး ယင်းတို့အထဲတွင် သူနာပြုများ၊ စိတ်ရောဂါကုပညာရှင်များ၊ စိတ်ပညာရှင်များ၊ လူမှုရေးလုပ်သားများနှင့် ထောက်ပံ့ရေးလုပ်သား ၃၀၀ ခန့်ပါဝင်ကြောင်းနှင့် စိတ်ကျန်းမာရေးဆိုင်ရာ လုပ်သားအင်အားမှာ ၂၀၅၉၀ ရှိလာမည်ဖြစ်ကြောင်း စစ်မှုထမ်းဟောင်းများရေးရာဝန်ကြီး အဲရစ်ကေရှင်ဆေကီက မေ ၁၉ရက်တွင် ပြောကြားသည်။

**စတင်လုပ်ဆောင်**

အမေရိကန်စစ်မှုထမ်းရေးရာဌာနအနေဖြင့် လက်ရှိရသုံးမှန်းခြေငွေစာရင်းမှ ရန်ပုံငွေကို ယခုလအတွင်း အသုံးပြုမည်ဖြစ်ပြီး နိုင်ငံတစ်ဝန်း၌ စိတ်ကျန်းမာရေးဝန်ထမ်းစုဆောင်းခြင်းကို စတင်လုပ်ဆောင်သွားမည်ဟု ဆိုသည်။

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့၌ စစ်ရေးလုပ်ငန်းများ အဆုံးသတ်ပြီးနောက် ဆယ်စုနှစ်တစ်စု သို့မဟုတ် ၎င်းထက်ကျော်လွန်ကာ စစ်ပွဲဆိုင်ရာကုန်ကျစရိတ်များ ဆက်လက်မြင့်တက်နေမည်ဖြစ်ကြောင်း၊ စစ်ပွဲများမှ စစ်ပြန်များအနေဖြင့် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ ရရှိရန်လိုအပ်ကြောင်း ၎င်းကပြောကြားသည်။

***အင်တာနက်။***



*အိန္ဒိယနိုင်ငံ အဂ္ဂရာမြို့ ယမုံနာမြစ်ကမ်းတစ်လျှောက်ရှိ အမှိုက်သရိုက်များကို တွေ့ရစဉ်။* (ဓာတ်ပုံ-အင်တာနက်)

# အိန္ဒိယနိုင်ငံ အဂ္ဂရာမြို့၌ ယမုံနာမြစ် သန့်ရှင်းရေးလုပ်ငန်းများစတင်

**အဂ္ဂရာ မေ ၂၁**

အိန္ဒိယနိုင်ငံ အဂ္ဂရာမြို့၌ ယမုံနာမြစ် သန့်ရှင်းရေးလုပ်ငန်းကို စတင်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

**ဖယ်ရှားခဲ့**

ယမုံနာမြစ်၏ ရေချိုးဆိပ်များတည်ရှိရာ မြစ်ကမ်းပါးတစ်လျှောက်ရှိ အမှိုက်သရိုက်များကို ရှင်းလင်းဖယ်ရှားခဲ့ကြသည်။

အဂ္ဂရာမြို့၌ ပတ်ဝန်းကျင် ညစ်ညမ်းမှုထိန်းသိမ်းရေးလုပ်ငန်းများလုပ်ဆောင်ရန် တရားရုံးချုပ်က ညွှန်ကြားခဲ့သည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုသည် ယင်းမြို့ရှိ သမိုင်းဝင် တာ့ဂ်မဟာ အဆောက်အအုံကို ထိခိုက်စေနိုင်ကြောင်း တရားရုံးချုပ်အမိန့်များအား လေ့လာစောင့်ကြည့်ရေးကော်မတီက ပြောကြားခဲ့သည်။

ယမုံနာမြစ်ရေကို ရယူကာ စိုက်ပျိုးသောတောင်သူလယ်သမားများက ပိုးသတ်ဆေးများနှင့် အင်းဆက်ပိုးမွှားသတ်ဆေးများကို အသုံးပြုလျက်ရှိရာ ပိုးသတ်ဆေး အနည်အနှစ်များသည် ဒေသခံပြည်သူလူထုထံ ထောက်ပံ့ပေးမည့် ရေထုအတွင်း သို့ ဝင်ရောက်သွားသည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများက ပြောကြားခဲ့ကြသည်။

***အင်တာနက်။***

# မဲခေါင်ဒေသဖွံ့ဖြိုးရေး ကန်ဒေါ်လာ ခုနစ်ဘီလီယံကျော် ဂျပန်ကူညီမည်

**တိုကျို မေ ၂၁**

သယံဇာတ ကြွယ်ဝသည့် မဲခေါင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းနိုင်ငံ ငါးနိုင်ငံကို လာမည့်သုံးနှစ်အတွင်း ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ ၇ ဒသမ ၄ဘီလီယံ ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း မေ ၂၁ ရက် သတင်းများတွင် ဖော်ပြသည်။

မဲခေါင်ဒေသ တည်ငြိမ်ဖွံ့ဖြိုးမှုမရှိပါက အရှေ့အာရှဒေသသည်လည်း တည်ငြိမ်ဖွံ့ဖြိုးမည်မဟုတ်ကြောင်း မေ ၂၁ ရက်တွင် တိုကျိုမြို့၌ ကျင်းပခဲ့သော ဂျပန်-မဲခေါင် စတုတ္ထအကြိမ် ထိပ်သီးညီလာခံအပြီး ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကို နိုဒါက ပြောကြားခဲ့သည်။

ဂျပန်-မဲခေါင် စတုတ္ထအကြိမ် ထိပ်သီးညီလာခံ၌ မဲခေါင်ဒေသတွင်း နိုင်ငံငါးနိုင်ငံဖြစ်သည့် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ်က အထက်ပါအတိုင်း ကတိကဝတ်ပြုခဲ့ခြင်း ဖြစ်သည်။

၂၉၈၀ မိုင် ရှည်လျားသော မဲခေါင်မြစ်အောက်ပိုင်းဒေသသည် သမိုင်းကြောင်း တစ်လျှောက်စစ်ပွဲများနှင့် နိုင်ငံရေးအရှုပ်တော်ပုံများ ပေါ်ပေါက်ခဲ့ရပြီး အရှေ့တောင်အာရှ၏ အခြားသောဒေသများနှင့် နှိုင်းယှဉ်ပါက ဆင်းရဲသောဒေသအဖြစ် ကျန်ရှိနေဆဲ ဖြစ်သည်။

ဂျပန်နိုင်ငံနှင့်အပြိုင် တရုတ်နိုင်ငံကလည်း လူဦးရေ သန်း ၂၂၀ မီတင်းနေထိုင် သော မဲခေါင်ဒေသကို အထောက်အပံ့များပေးအပ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုများလည်း လုပ်ဆောင်ခဲ့သည်။

***အင်တာနက်။***

# အင်ဒိုနီးရှားအရှေ့ပိုင်း ကမ်းလွန်ရေပြင်၌ ငလျင်လှုပ်ခတ်

**မာနိုကွာရီ(အင်ဒိုနီးရှား) မေ ၂၁**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက်ကမ်းလွန်ရေပြင်၌ မေ ၂၁ ရက်က အင်အားအသင့်အတင့်ရှိသည့် မြေငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း သိရသည်။

**လမ်းများပေါ် ပြေးထွက်**

ငလျင်လှုပ်ခတ်မှုကြောင့် ယင်းအရပ်ဒေသ၌ နေထိုင်သူများနှင့် ကျောင်းသားများသည် လမ်းများပေါ်သို့ ကြောက်လန့်တကြား ပြေးထွက်ခဲ့ကြကြောင်း အေပီသတင်းတွင် ဖော်ပြသည်။

ပြင်းအား ရစ်ချ်စတာစကေး ၆ ဒသမ ၆ အဆင့်ရှိသည့် အဆိုပါငလျင်သည် ပါပူဝါပြည်နယ်မှ မိုင် ၅၀ အကွာ သမုဒ္ဒရာကြမ်းပြင်အောက် ၁၈ မိုင်အနက်ကို ဗဟိုပြု၍ လှုပ်ခတ်သွားခြင်းဖြစ်သည်ဟု အမေရိကန် ဘူမိဗေဒသုတေသနအဖွဲ့က ကြေညာခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသနှင့် ဘူမိဗေဒဌာနမှ တာဝန်ရှိသူ မစ္စတာ ဘူဟာဂျိုနိုက ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း၊ ဒဏ်ရာရမှုနှင့် အပျက်အစီးသတင်းများလည်းမရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

***အင်တာနက်။***

# အမျိုးသမီးငယ်များချိတ်ဆက်ထား၊ အနာဂတ်အတွက်အား

## မောင်သျှင်ငယ်(တ/ဥက္ကလာ)

ကမ္ဘာပေါ်ရှိ အမျိုးသမီးများနှင့်စပ်လျဉ်း၍ နိုင်ငံအလိုက် ပြုပြင်ပြောင်းလဲမှုများပြုကြရန် ရေးသားတင်ပြချက်များ၊ ကြိုးပမ်းအားထုတ်မှုများ၊ စည်းရုံးလှုံ့ဆော်မှုများသည် ၁၉ ရာစုအတွင်းကပင် စတင်ခဲ့သည်။ ထိုကိစ္စများတွင် အိမ်ထောင်ရေး၌ အမျိုးသမီးများနှင့် ခွင့်တူညီမျှမှု၊ အလုပ်အကိုင်ရရှိမှုနှင့် အမွေဆက်ခံမှုတို့ကို ဥပဒေကြောင်းအရ အသိအမှတ်ပြုရန်တို့ ပါဝင်သည်။

ဤသို့ ကမ္ဘာအရပ်ရပ်ရှိ အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိရေး၊ ဖိနှိပ်မှု၊ အကြမ်းဖက်မှုမှ လွတ်မြောက်ရေးအသိနိုးကြားလှုပ်ရှားခဲ့သည်မှာ ရာစုနှစ်တစ်ခုစာ ကျော်လွန်လာခဲ့ပြီ။ သမိုင်းတစ်လျှောက် အမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့် ကဏ္ဍများစွာတို့၌ အခွင့်အရေးမရသည့်အပြင် အချို့နေရာဒေသများ၌ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု၊ အကြမ်းဖက်မှုများ ရင်ဆိုင်ခံစားကြရသည်မှာ ရင်နင့်ဖွယ်ရာ ကောင်းလှသည်။

ဒုတိယကမ္ဘာစစ်ပြီးနောက် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍအရေးပါမှုကို ကမ္ဘာက အသိအမှတ်ပြုခဲ့သည်။ ၁၉၄၅ ခုနှစ် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် ၁၉၄၈ ခုနှစ် လူ့အခွင့်အရေးကြေညာစာတမ်းတို့တွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီတူဖြစ်သည်ဟူ၍ ချမှတ်ခဲ့သည်။ သို့ရာတွင် ထိုအခွင့်အရေးများကို ပြည့်ဝစွာ မခံစားကြရရှာသော အမျိုးသမီးများစွာ ကမ္ဘာတစ်ဝန်းတွင် ရှိနေဆဲဖြစ်သည်။ ၁၉၆၇ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံက ကျား/မ ခွဲခြားမှု ပယ်ဖျက်ရေးကို တညီတညွတ်တည်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

၁၉၇၂ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံက အခွင့်အရေးတန်းတူညီမျှရရှိရေး မြှင့်တင်ဆောင်ရွက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအားလုံးတွင် အမျိုးသမီးများ အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်ရရှိရန် ရည်ရွယ်၍ ၁၉၇၅ ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနှစ်" ဟု သတ်မှတ်ကာ ကမ္ဘာတစ်ဝန်းတွင် ကျင်းပခဲ့သည်။ ထို့အပြင် ၁၉၇၆ ခုနှစ်မှ ၁၉၈၅ ခုနှစ်ကို ကုလသမဂ္ဂအမျိုးသမီးများဆယ်စုနှစ်အဖြစ် သတ်မှတ်ပေးခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက "အမျိုးသမီးများအား နည်းမျိုးစုံခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း" ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။

အခွင့်အရေးတန်းတူညီမျှမှုရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဟူသော ဦးတည်ချက်များဖြင့် ပထမအကြိမ် ကမ္ဘာ့အမျိုးသမီးများ ညီလာခံကို ၁၉၇၅ ခုနှစ်တွင် မက္ကဆီကိုမြို့၌ လည်းကောင်း၊ ဒုတိယအကြိမ် ကမ္ဘာ့အမျိုးသမီးများညီလာခံကို ၁၉၈၀ ပြည့်နှစ်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ လည်းကောင်း၊ တတိယအကြိမ် ကမ္ဘာ့အမျိုးသမီးများညီလာခံကို ၁၉၈၅ ခုနှစ်တွင် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ လည်းကောင်း၊ စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးများညီလာခံကို ၁၉၉၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၌ လည်းကောင်း ကျင်းပခဲ့သည်။ ၂၀၀၀ ပြည့်နှစ်က ကျင်းပသော Beijing Plus Five အစည်းအဝေး၌ ၂၁ ရာစုနှစ်တွင် အမျိုးသမီးများ အခွင့်အရေးတန်းတူညီမျှမှုရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး (Women 2000: Gender Equality, Development and peace for the Twenty first Century) ဟူ၍ ဆုံးဖြတ်ခဲ့ကြသည်။

၂၀၀၀ ပြည့်နှစ် ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးမှုကြေညာစာတမ်းတွင်လည်း ၂၀၁၅ ခုနှစ်တွင် ကမ္ဘာအနှံ့ ကျား/မ ကလေးသူငယ်များ မူလတန်းပညာ သင်ယူပြီးမြောက်စေရန်၊ ၂၀၀၅ ခုနှစ်တွင် မူလတန်းပညာနှင့် အလယ်တန်းပညာသင်ကြားပေးရာတွင် ကျား/မ ကွာဟချက်ကို ဖယ်ရှားရန်နှင့် ၂၀၁၅ ခုနှစ်ထက် နောက်မကျဘဲ ပညာရေးအဆင့်အတန်းအားလုံးတွင် ကျား/မ ကွာဟချက်ကို ဖယ်ရှားရန်၊ ၁၉၉၀-၂၀၁၅ ခုနှစ်အတွင်း အသက်ငါးနှစ်အောက် ကလေးသေဆုံးနှုန်းအား သုံးပုံနှစ်ပုံလျှော့ချရန်နှင့် မိခင်သေဆုံးနှုန်းအား လေးပုံသုံးပုံအထိလျှော့ချရန် စသည့် အမျိုးသမီးဆိုင်ရာ ရည်မှန်းချက်များ ချမှတ်ထားသည်။ ထိုရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးမှာ ကမ္ဘာ့နိုင်ငံအသီးသီး၏ ကြိုးပမ်းအားထုတ်မှုများအပေါ်တွင် မူတည်ပေသည်။

ယနေ့ ကမ္ဘာ့လူဦးရေသန်းပေါင်း ၇၀၀၀ ကျော်အနက် အသက် (၁၀) နှစ်မှ (၂၄)နှစ်အတွင်းရှိ ငယ်ရွယ်သူသန်း ၁၈၀၀ ကျော်ရှိကာ အနာဂတ်၏ မျိုးဆက်သစ်များ ဖြစ်ကြသည်။ ဤမျိုးဆက်သည် ကိုင်တွယ်ဖြေရှင်းရမည့် ဝန်ထုပ်ဝန်ပိုးများ မဟုတ်ဘဲ ပြုစုပျိုးထောင်ပေးရမည့် အခွင့်အလမ်းနှင့် အဖိုးတန်ရတနာများပင်ဖြစ်သည်။

ယင်းမျိုးဆက်အနက် အထူးသဖြင့် မိန်းကလေးများ၊ ငယ်ရွယ်လွန်းသူ ဆယ်ကျော်သက်များ၊ ဆယ်ကျော်သက်အရွယ် အိမ်ထောင်သည်များ၏ အရေးအရာကိစ္စများမှာ အထူးဂရုပြုရန် လိုအပ်လှသည်။ ၎င်းတို့နေထိုင်မှု အသိုက်အဝန်း၏ ကွဲပြားခြားနားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခြေအနေအရပ်ရပ်အရ ဘဝမျိုးစုံ၊ အတွေ့အကြုံနှင့် အခက်အခဲမျိုးစုံကို ရင်ဆိုင်တွေ့ကြုံခံစားနေကြရသည်။ ၎င်းတို့၏ တူညီသော မျှော်လင့်ချက်ပန်းတိုင်မှာ ပိုမိုကောင်းမွန်သော အနာဂတ်ဘဝဖြစ်ပေါ်လာရေးပင်ဖြစ်သည်။

UNICEF က ထုတ်ပြန်သော ၂၀၀၉ ခုနှစ် ကမ္ဘာ့ကလေးသူငယ်များ၏ အခြေအနေအထူးထုတ်စာစောင်၌ နှစ်စဉ်အမျိုးသမီးငါးသိန်းသည် ကိုယ်ဝန်ဆောင်ရာနှင့် မီးဖွားရာတွင် သေဆုံးနေကြကြောင်း၊ အာဖရိကတောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ကျေးလက်နေအမျိုးသမီးငယ်များကြား၌ HIV ပိုးပျံ့နှံ့တည်ရှိမှုသည် အမျိုးသားငယ်များထက် သုံးဆပိုမိုမြင့်မားနေကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျေးလက်နေအမျိုးသမီးငယ်များ လက်ထပ်မှုသည် မြို့များရှိ အမျိုးသမီးငယ်များ လက်ထပ်မှုထက် နှစ်ဆရှိကြောင်း၊ အသက် (၂၀) မှ (၂၄) နှစ်ကြား အမျိုးသမီး ၆၄ သန်းသည် အသက် (၁၈)နှစ် မတိုင်မီ လက်ထပ်ထိမ်းမြားခဲ့ကြကြောင်း၊ အမျိုးသမီး (၁၄) သန်းသည် အသက် (၁၅)နှစ်မှ (၁၉)နှစ်ကြား မီးဖွားနေကြကြောင်း၊ နိုင်ငံပေါင်း ၂၉ နိုင်ငံမှ မိန်းကလေးငယ် သန်း ၇၀ သည် လိင်အင်္ဂါဖြတ်တောက်ခြင်း ခံနေရကြောင်း ဖော်ပြပါရှိသည်။ ဤအခြေအနေဆိုးများမှ လွန်မြောက်ရန် သက်ဆိုင်ရာနိုင်ငံများအနေဖြင့် ပြဿနာများ၏ အတိမ်အနက်ကို ချိန်စက်ဆောင်ရွက်သင့်ကြပေသည်။

ကမ္ဘာ့လူ့ဘောင်သာယာရေးအတွက် အရေးကြီးဆုံးလုပ်ငန်းစဉ်မှာ ငယ်ရွယ်သူများကို ပျိုးထောင်ပေးရန်ဖြစ်သည်။ ထိုအယူအဆကို ကမ္ဘာ့နိုင်ငံများသာမက ကုလသမဂ္ဂကလည်း လက်ခံသည်။ သို့ဖြစ်၍ နိုင်ငံတကာညီလာခံများကျင်းပကာ ငယ်ရွယ်သူများနှင့် စပ်လျဉ်းသော သဘောတူဆုံးဖြတ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့သည်။ ယင်းတို့မှာ ၁၉၉၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံက ချမှတ်ထားသည့် အနှစ်(၂၀) ရှေ့လုပ်ငန်းစဉ်များ၊ ၁၉၉၅ ခုနှစ် နိုင်ငံတကာအမျိုးသမီးညီလာခံ၏ ပေကျင်းကြေညာချက်၊ ၁၉၉၅ ခုနှစ်တွင် ကုလသမဂ္ဂက ချမှတ်ခဲ့သော လူငယ်များအတွက် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း လုပ်ငန်းစဉ်များ၊ ၁၉၇၉ ခုနှစ် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ ၂၀၀၀ ပြည့်နှစ် နိုင်ငံတကာသဘောတူညီမှုနှင့် ကုလသမဂ္ဂကချမှတ်သည့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ၊ ၁၉၉၇ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်များ ပူးပေါင်း၍ **"ဆယ်ကျော်သက်များ၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးကြီးဆုံးပေးဆပ်မှုဖြစ်သည်"**ဟူသော သဘောတူညီချက်တို့ပင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့် သဘောတူလက်ခံရုံမျှဖြင့် ကျေနပ်မနေသင့်ပေ။ လက်တွေ့ဖော်ဆောင်ရန် အရေးကြီးလှပေသည်။

သန်း ၉၀၀ နီးပါးခန့်သော မျက်မှောက်ခေတ် အမျိုးသမီးငယ်များသည် ကမ္ဘာ့မိသားစုအနာဂတ်ဘဝ ဖန်တီးရှင်များဖြစ်ကြသည်။ နောင်အနာဂတ်ခေတ်၏ တည်ဆောက်ဆဲနိုင်ငံသစ်နှင့် ကမ္ဘာသစ်ကို ကောင်းသည်ထက်ကောင်းအောင်၊ ခိုင်မာသည်ထက်ခိုင်မာအောင် စွမ်းဆောင်နိုင်မည့် မျိုးဆက်သစ်များလည်း ဖြစ်ကြသည်။ လူ့သမိုင်း၏ အကြီးမားဆုံး စွမ်းပကားပိုင်ရှင်များဖြစ်ကြသည့်အားလျော်စွာ ပညာပြည့်ဝ နှလုံးလှသူများဖြစ်ကြဖို့လိုသည်။ ဘဝတွက်တာ ကျွမ်းကျင်စရာများအပါအဝင် မျိုးဆက်ပွားကျန်းမာရေးအသိပညာရှိကြဖို့လိုသည်။ အမျိုးသမီးထုအတွင်း သက်တူရွယ်တူ အဆင့်အတန်းတူသူချင်း၊ သတင်းအချက်အလက်ဖြန့်ဖြူးမှု၊ အသိပညာပေးမှု၊ နှီးနှောဖလှယ်မှုများ စဉ်ဆက်မပြတ်ပြုကြရမည်။ အမျိုးသမီးငယ်ရွယ်သူများအားလုံး အတွေးချင်းယှက်၊ လက်ချင်းဆက်၊ အသည်းချင်းထပ်၊ ရင်ချင်းအပ်ကာ နေနှုန်းပမာ ထွန်းလင်းဖြာသော ဇမ္ဗူရွှေခေတ် ကမ္ဘာသစ်သို့ တက်ကုန်ဖွင့်၊ ရွက်စုံလွှင့်၊ ဘက်စုံမြင့်ကြပါစို့။ ။

## သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

### ကွန်တိန်နာယာဉ်နှင့် ဆိုင်ကယ်တိုက်၊ ဆိုင်ကယ်စီးသူ သေဆုံး

**လားရှိုး ဧပြီ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့မှ သီပေါမြို့သို့အထွက် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် မတ် ၂၀ ရက် ညနေ ၆ နာရီခွဲက ကွန်တိန်နာယာဉ်နှင့် မော်တော်ဆိုင်ကယ်ချိတ်မိကာ ယာဉ်တိုက်မှုဖြစ်ပွားရာမှ ဆိုင်ကယ်စီးသူ သေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မယ်ဟန်ရွာမှ လားရှိုးသို့ ဦးတင်ရွှေ (၆၆)နှစ် မောင်းနှင်သည့် ကင်ဘို ၁၂၅၊ ၆ယ/------ဆိုင်ကယ်နှင့် လားရှိုးမှ သီပေါသို့ ပြည်ထောင်စုလမ်းမကြီးအတိုင်း ယာဉ်မောင်း ကိုအေးသင်း မောင်းနှင်လာသည့် ကွန်တိန်နာ ၂ဂ/------(၁၂) ဘီးယာဉ်တို့ မြို့ဝင်မုခ်ဦး အလွန် စက်မှုလယ်ယာဦးစီးဌာနရုံးရှေ့တွင် တိုက်မိရာ ဆိုင်ကယ်လဲကျသွားပြီး ကားနောက်မှကပ်ပါလာသော နမ့်ဖတ်ကာရဲစခန်းမှ ဒုတိယတပ်ကြပ်စိုးမိုး (၃၄) နှစ်၏ ဆိုင်ကယ်နှင့် ထပ်မံချိတ်မိကာ ကားအောက်သို့ ရောက်ရှိသွားပြီး ဒဏ်ရာများရရှိကာ ပွဲချင်းပြီးသေဆုံးခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကွန်တိန်နာ ယာဉ်မောင်း ကိုအေးသင်း (၃၀) နှစ်အား ယာဉ်ကို မဆင်မခြင် မောင်းနှင်မှုဖြင့် အမှတ်(၁) ရဲစခန်းမှ (ပ) ၉၃/၂၀၁၂၊ ပုဒ်မ ၃၀၄-က/၃၃၈ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၅၃၃)

## သဃ်န်းကျွန်း မီးရထားခုံးကျော်တံတားပေါ်၌ အမှိုက်သိမ်းကားဘရိတ်ပေါက် ခုံးအဆင်းလူနေအိမ်ရှေ့သို့ရောက်

**ရန်ကုန် ဧပြီ ၂၁**

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်စံပြဈေးအနီး ပြည်ထောင်စုမီးရထားခုံးကျော်တံတားထိပ် စံပြဈေးဘက် အဆင်းဘက်ခြမ်း၌ ဧပြီ ၂၁ ရက် နံနက်ပိုင်းက သဃ်န်းကျွန်းမြို့နယ် စည်ပင်သာယာအမှိုက်သိမ်းကားတစ်စီး အမှိုက်အပြည့်တင်ဆောင်၍ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၂၁ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က ယာဉ်မောင်း သန့်ဇင်ထွန်း မောင်းလာသော ၇ခ/--- နီဆန်း အမျိုးအစား စည်ပင်သာယာအမှိုက်သိမ်းကားသည် အမှိုက်များအပြည့်တင်ဆောင်၍ လေးဒေါင့်ကန်လမ်းမကြီးအတိုင်း တောင်မှ မြောက်သို့ (ဘဝမြင့်ဘက်မှ ၃၉ ကားကြီးဂိတ်ဘက်သို့)မောင်းလာပြီး ပြည်ထောင်စုမီးရထားခုံးကျော်တံတားပေါ်သို့ အရောက်တွင် ကားမှာဘရိတ်ပေါက်ပြီး နောက်ပြန်လိမ့်ဆင်းကာ နောက်ဘက်တစ်ဖက် ယာဉ်ကြောကားလမ်းနှင့် လူသွားလမ်းပလက်ဖောင်းကိုပါ အရှိန်ဖြင့် ဖြတ်ကျော်ပြီး စံပြဈေးဘက်အဆင်းတံတားထိပ် စံပြစီမံကိန်းရပ်ကွက် (၁) လမ်းလူနေအိမ်များရှေ့တွင် နောက်ဘီးတစ်စုံ ကျွတ်ထွက်၍ တိမ်းမှောက်သွားခဲ့သည်။**(အောက်ပုံ)**

အမှိုက်သိမ်းယာဉ် တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းမှာ ဦးခေါင်းဒဏ်ရာရရှိ၍ စံပြဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ကြောင်း သိရသည်။ (၅၀၆)



## မပြေလည်သည့် ရန်ကြွေးကြောင့် လူသတ်မှုဖြစ်

**မြန်အောင် ဧပြီ ၂၁**

ဧပြီ ၅ ရက် နံနက် ၈ နာရီခန့်က မြန်အောင်မြို့နယ် ငှက်ပျောတောကျေးရွာနေ မကြည်သိန်း အသက် (၃၀) သည် ခင်ပွန်းဖြစ်သူ စိုးလင်း အသက် (၃၅)နှစ်နှင့်အတူ သပြေကုန်းကျေးရွာဈေးမှ ပြန်လာကြစဉ် သမဝါယမဆိုင်ရှေ့အရောက်၌ ကျော်စိုးဦး အသက် (၃၉)နှစ် သောင်တန်းလေးရွာ မအူပင်မြို့နယ်နေသူနှင့် တွေ့ဆုံပြီး လွန်ခဲ့သော တစ်နှစ်ခန့်က ရန်ပွဲဖြစ်ခဲ့ရသည့်ကိစ္စ မကျေနပ်သဖြင့် အသင့်ယူဆောင်လာသော အရိုးအသွား ၁၂ လက်မခန့်ရှိ ဓားမြှောင်ဖြင့် စိုးလင်း၏ ဆီးခုံသို့ ထိုးသွင်းလိုက်ရာ ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်။ ယင်းအမှုနှင့် ပတ်သက်၍ ဇနီးဖြစ်သူ မကြည်သိန်း၏ တိုင်တန်းချက်အရ ရွှေကျင်ရဲစခန်းမှ (ပ)၂၄/၂၀၁၂ ပြစ်မှုပုဒ်မ-၃၂၆ ဖြင့် အမှုဖွင့်၍ ပြစ်မှုကျူးလွန်သူ ကျော်စိုးဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ (၅၅၂)

## ရုံဝင်လက်မှတ်ကိစ္စ စကားများပြီး စကေဘာဖြင့်ထိုး

**ဇလွန် ဧပြီ ၂၁**

ဧပြီ ၄ ရက် ည ၉ နာရီခန့်က ဇလွန်မြို့နယ် မှတ်တိုင်ကျေးရွာနေ မောင်မောင်နိုင် အသက် (၃၇)နှစ်သည် ဇလွန်ဘုရားကုန်းရွာရှိ ရွှေရင်အေးဘုရားပွဲ၌ ပိုင်သစ်ဇာတ်သဘင်ရုံပွဲကပြခိုက် ဇာတ်ရုံဂိတ်ဝ၌ လက်မှတ်သိမ်းဆည်းရန် တာဝန်ယူနေစဉ် ငြိမ်းအေးရွာနေသူ သန်းစိုး အသက် (၃၇) နှစ်နှင့် ရုံဝင်လက်မှတ်ကိစ္စ စကားများကြရာမှ သန်းစိုးက အသင့်ယူဆောင်လာသော အရိုးအသွား ၁၀ လက်မခန့်ရှိ စကေဘာနှင့် ထိုးလိုက်ရာ မောင်မောင်နိုင်၏ ဝဲချိုင်းအောက် ထိုးသွင်းဒဏ်ရာ တစ်ချက် ရရှိသွားသည်။ ဧပြီ ၅ ရက် ညနေ ၅ နာရီခွဲတွင် မောင်မောင်နိုင်၏ တိုင်တန်းချက်အရ ဇလွန်ရဲစခန်းမှ (ပ) ၄၀/၂၀၁၂ ပုဒ်မ-၃၂၄ ဖြင့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ (၅၅၂)

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

## မိမိတို့နေအိမ်တွင်

(က) အိမ်နှင့် ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေကားများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ်ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။
(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

**မီးသတ်ဦးစီးဌာန**

# မန္တလေး လူမှုရေးအသင်း သက်ကြီးဘိုးဘွားများအား ဘုရားဖူးပို့ဆောင်

**မန္တလေး ဧပြီ ၂၁**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ် ရွှေစံကိုင်ကျောင်းတိုက်ရှိ ချမ်းမြသုခပရဟိတ လူမှုကူညီရေးအသင်းမှ မြန်မာနှစ်သစ်ကူးချိန်ခါသမယတွင် အသင်းမှ စောင့်ရှောက်ထားသော ဘိုးဘွား ၁၁၀ အား မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်သော မဟာမုနိဘုရားကြီးနှင့် အောင်တော်မူမြတ်စွာဘုရားသို့ ယနေ့ ဧပြီ ၂၁ ရက် နံနက်ပိုင်းက ကုသိုလ်ဖြစ် ဘုရားဖူးခရီးပို့ဆောင်ကြသည်။ **(ယာပုံ)** အဆိုပါ ကုသိုလ်ဖြစ်ဘုရားဖူး ခရီးစဉ်တွင် အဘိုး ၃၀၊ အဘွား ၈၀ တို့ အား ချမ်းမြသုခပရဟိတ လူမှုကူညီရေးအသင်းမှ အသင်းဝင်များက သက်သောင့်သက်သာဖြစ်စေရန် ကူညီပို့ဆောင်ပေးကြသည်။ နံနက် ၈ နာရီတွင် စတင်ထွက်ခွာကြပြီး နေ့ခင်းတွင် အသင်းရုံး၌ နေ့လယ်စာ ကျွေးမွေးသည်။ လမ်းခရီးစဉ်တစ်လျှောက် ရေသန့်ဘူးများ၊ အအေးဘူးများ၊ မုန့်များကျွေးမွေးသည်။ ယခုသွားရောက်သော ဘိုးဘွားများ နှစ်သစ်ကူးဘုရားဖူးခရီးစဉ်သည် တတိယအကြိမ်မြောက် ဖြစ်သည်။ ချမ်းမြသုခပရဟိတ လူမှု ကူညီရေးအသင်းသည် မှီခိုမဲ့သက်ရွယ်အို အဘိုးအဘွား အိမ်တိုင်ရာရောက် စောင့်ရှောက်ပေးရေး အစီအစဉ်ဖြင့် အဘိုးအဘွား ၁၉၈ ဦးအား စောင့်ရှောက်ပေးထားပြီး ကျန်းမာရေး၊ စားသောက်ရေး၊ နေထိုင်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေး လျက်ရှိသည်။ ထို့ပြင် အခမဲ့နာရေး ကူညီမှုဆောင်ရွက်ပေးခြင်း၊ ကုသိုလ်ဖြစ် ဆေးခန်းဖွင့်လှစ်ကာ ကျန်းမာရေးစောင့် ရှောက်ပေးခြင်း၊ နွမ်းပါးပြီး ပညာလိုလားသူများအား ပညာရေးထောက်ပံ့ပေးခြင်းများကိုလည်း ဆောင်ရွက်ပေး လျက်ရှိသည်။

(၀၀၂)





**နဝမအကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ပိတ်ပွဲ ဆုချီးမြှင့်ပွဲကို ဧပြီ ၁၆ ရက်က ရန်ကုန်မြို့ သိမ်ဖြူကွင်း၌ ကျင်းပရာ ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော အသင်းများအား ဂုဏ်ပြုဆုများ ချီးမြှင့်စဉ်။** (ကြေးမုံ)

# ရပ်ကွက်လုံးဆိုင်ရာ စုပေါင်းရှင်ပြု

**ရန်ကုန် ဧပြီ ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် ပထမအကြိမ် စုပေါင်းဒုလ္လဘရဟန်းခံ၊ ရှင်ပြုပွဲကို မဟာမြိုင်ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်းတိုက်၌ ဧပြီ ၂ ရက်နှင့် ၃ ရက်နေ့များတွင် ကျင်းပခဲ့သည်။ ရဟန်း ၂၃ ပါး၊ ရှင်သာမဏေ ၁၀ ပါးတို့အား သာသနာ့ဘောင်သို့ ပို့ဆောင်ပေးခဲ့ကြောင်းသိရသည်။

(၆၈၄)

# မန္တလေးမြို့တော်စည်ပင် စံပြရပ်ကွက်များရွေးချယ် မြို့တော်သန့်ရှင်းသာယာလှပရေး ပူးပေါင်းဆောင်ရွက်

**မန္တလေး ဧပြီ ၂၁**

မန္တလေးမြို့တော်ကို သန့်ရှင်းသပ်ရပ်ပြီး အမှိုက်ကင်းစင်သော မြို့တော်ဖြစ်စေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ရည်မှန်းချက်ချမှတ်ပြီး ရပ်ကွက်နေ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက်တစ်ခုစီအား စံပြရပ်ကွက်အဖြစ် ရွေးချယ်၍ အမှိုက်သိမ်းဆည်းမှုနှင့် အမှိုက်စွန့်ပစ်မှုစနစ် ကောင်းမွန်သော ရပ်ကွက်များဖြစ်အောင် ၂၀၁၂ ခုနှစ် ဧပြီ ၂ ရက်မှစ၍ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရပ်ကွက်များဆောင်ရွက်ပြီးစီးပါက မြို့နယ်အလိုက် ရပ်ကွက်တစ်ခုချင်းစီ အဆင့်လိုက်တိုးချဲ့ပြီး မြို့တော်တစ်ခုလုံးတွင် အမှိုက်သိမ်းဆည်းမှုနှင့် အမှိုက်စွန့်ပစ်မှု စနစ်တကျ ကောင်းမွန်လာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

သန့်ရှင်းရေးဌာနကလည်း အမှိုက်သိမ်းဆည်းမှုကို (၁)ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်၊ (၂)အမှိုက်ပုံများတွင် စွန့်ပစ်သိမ်းဆည်းသောစနစ် (၃) ခေါင်းလောင်းတီးနှင့် အမှိုက်ပုံကျုံး နှစ်မျိုးဖြင့် သိမ်းဆည်းသော စနစ်တို့ဖြင့် ဆောင်ရွက်သွားမည်**(အောက်ပုံ)**။ မြို့နယ်များတွင် ရပ်ကွက်အလိုက် အုပ်ချုပ်ရေးမှူးများ၊ အကွက်မှူးများ၊ ရပ်ကွက်ပြည်သူများနှင့် တွေ့ဆုံဆွေးနွေး၍ သက်ဆိုင်ရာ ရပ်ကွက်အလိုက်ဆောင်ရွက်ရန်လိုလားသော အမှိုက်သိမ်းစနစ်များအတိုင်း ဆောင်ရွက်သွားမည်။ သက်ဆိုင်ရာရပ်ကွက် ပြည်သူများအနေဖြင့်လည်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ အကွက်မှူးများမှတစ်ဆင့် အသိပေးထားပြီးဖြစ်သော အမှိုက်စွန့်ပစ်ရမည့်စနစ်၊ အချိန်များအတိုင်း စနစ်တကျစွန့်ပစ်ခြင်းဖြင့် ကူညီဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း နေ့/ည မပြတ်အမှိုက်သိမ်းယာဉ်များဖြင့် အမှိုက်သိမ်းနေသော်လည်း မြို့နယ်၊ ရပ်ကွက်၊ ဈေး၊ ကျောင်း၊ လမ်းဆုံလမ်းခွများတွင် အမှိုက်ပုံများရှိနေသဖြင့် မြို့တော်၏ သာယာလှပမှုကို ထိခိုက်စေပါသည်။ အမှိုက်ကင်းစင်သော စံပြရပ်ကွက်များ ဖြစ်ပေါ်စေရေးအတွက် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်။

(က) အိမ်သုံး စွန့်ပစ်အမှိုက်များ၊ စားသောက်ဆိုင်စွန့်ပစ်အမှိုက်များ၊ အခြားအမှိုက်များအား နံနက် ၅ နာရီမှ ၈ နာရီအတွင်း၊ ညနေ ၆ နာရီမှ ည ၉ နာရီအတွင်း အမှိုက်ပုံများ၌ စွန့်ပစ်ရန်။

(ခ) အမှိုက်သိမ်းယာဉ် လာရောက်သိမ်းချိန်တွင် ခေါင်းလောင်းထိုး အသံပေးမည်ဖြစ်သဖြင့် မိမိအိမ်၊ ဆိုင်ရှိ အမှိုက်များကို ခြင်း၊ အိတ်တို့ဖြင့် အမှိုက်သိမ်းယာဉ်ပေါ်သို့ တင်ပေးနိုင်သည်။

(ဂ) အိမ်၊ ဆိုင်၊ ကျောင်း၊ ဈေးများတွင် အမှိုက်ပုံး၊ အမှိုက်ခြင်းများ ထားရှိစေရန်။

(ဃ) လမ်းဘေးဆိုင်များ၊ လိုင်စင်ရဆိုင်များအားလုံး မြောင်းအတွင်းသို့ အမှိုက်ပစ်ခြင်း၊ မြောင်း၊ ပလက်ဖောင်း၊ လူသွားလမ်းအားပိတ်ဆို့၍ ဆိုင်းဘုတ်၊ ပန်းအိုး၊ ဆိုင်ခုံများခင်းထားခြင်း၊ ဆိုင်ကယ်များ ကန့်လန့်ရပ်ထားခြင်း မပြုရန်။

(င) ရေစီးရေလာကောင်းမွန်စေရန်အတွက် မြောင်းများပေါ်တွင် အနှောင့်အယှက်ဖြစ်စေမည့် စားသောက်ဆိုင်မီးဖိုများထားခြင်း၊ အစားအသောက်များ စွန့်ပစ်ခြင်း၊ အဆောက်အအုံသစ်ဆောက်လုပ်ရာတွင် မြောင်းထဲသို့ သဲ၊ ဘိလပ်မြေ၊ ကျောက်စရစ်၊ သစ်သားများကျစေခြင်းများ လုံးဝမပြုလုပ်ရန်။

(စ) အမှိုက်သိမ်းယာဉ်မလာလျှင်သော်လည်းကောင်း၊ အမှိုက်မသိမ်းသွားလျှင်သော်လည်းကောင်း၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးမှ တစ်ဆင့် သန့်ရှင်းရေးဌာနနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ အချိန်မီ သတင်းပေးပို့ကြရန်။

(ဆ) အမှိုက်ကန်၊ အမှိုက်ပုံး၌ ပစ္စည်းရှာသူများ၊ အမှိုက်ဖွသော အမှိုက်ကောက်သူများ စည်းကမ်းမဲ့ ဆောင်ရွက်ခြင်းကို တားဆီးကာကွယ်ကြရန်။

(ဇ) ဆိုင်များ၊ အိမ်များ၊ မြောင်းကျော်လွန်၍ အမိုးအဖီများတိုးချဲ့ ကျူးကျော်ခြင်းလုံးဝ(လုံးဝ) မပြုလုပ်ရန်။

(ည) အမှိုက်ကင်းစင်ရေး စံပြရပ်ကွက်ဖြစ်မြောက်ရေးအတွက် အဟန့်အတားအနှောင့်အယှက် ဖြစ်စေမည့်ကိစ္စရပ်များအား ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သန့်ရှင်းရေးဌာနတို့ ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ မြို့နယ်ခြောက်ခုတွင် အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းအား အပြည့်အဝ လွှမ်းခြုံဆောင်ရွက်ပေးနိုင်ခြင်းမရှိမီ မြို့နယ်အလိုက် ရပ်ကွက်တစ်ခုခြင်းစီအား အမှိုက်ကင်းစင်ရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး စံပြရပ်ကွက်များအဖြစ် သတ်မှတ်ရွေးချယ်ဆောင်ရွက်သွားမည်။

မန္တလေးမြို့တော် သန့်ရှင်းသာယာလှပစေရေးအတွက် စည်ပင်သာယာရေးကော်မတီမှ အဆင့်ဆင့်သော ဝန်ထမ်းများက ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်း ထမ်းဆောင်သွားမည်ဖြစ်ရာ မြို့တော်သူ မြို့တော်သားများကလည်း စည်းကမ်းတကျ အမှိုက်စွန့်ပစ်ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။

သီဟကိုကို(မန္တလေး)



ကျန်းမာရေး အသိပညာပေး မှတ်စု

# စားသုံးသူကို စာနာပါ

**စားသုံးသူ**

*လူတိုင်းလူတိုင်းအစာစားကြရသည်။ စားသုံးသည့် အစားအစာမှန်သမျှ သန့်ရှင်းရမည်။ စားသင့်စားထိုက်သော အစားအစာဖြစ်ရမည်။ သတ်မှတ်သည့်စံနှုန်းနှင့် ကိုက်ညီရမည်။ ကျန်းမာရေးနှင့် ညီညွတ်ရမည်။ စားသုံးသူများအတွက် အဘက်ဘက်က ပြည့်စုံသောအစားအစာကို ထုတ်လုပ်ရမည်။ စားသုံးသူကို စာနာရမည်။*

**အစားအစာများ**

*အစားအစာများသည် လူတို့၏ အသက်ကို ရှည်စေသည်။ ကျန်းမာရေးကို အထောက်အကူပြုသည်။ အစားမစားဘဲ မည်သူမျှမနေနိုင်။ စားသည့် အစားအသောက် ကုန်ပစ္စည်းမှန်သမျှ အညစ်အကြေးကင်းစင်ရမည်။ အမှိုက်သရိုက် ရောနှောပါဝင်ခြင်းမရှိရ။ စားသုံးသူ၏ ကျန်းမာရေးကို မထိခိုက်စေရ။ ဘေးဥပဒ်အန္တရာယ်မဖြစ်စေရ။ အရည်အသွေး ကောင်းမွန်ရမည်။*

**ဆေးဝါးအတု**

*အစားအစာထဲတွင် ဆေးဝါးအတုသည် အဆိုးဆုံးဖြစ်သည်။ စံမမီသော ဆေးဝါး၊ ရောဂါမပျောက်သော ဆေးဝါး၊ ခန္ဓာကိုယ်ထဲတွင် အကျိုးမပြုသည့်အပြင် ဒုက္ခပေးမည့် ဆေးဝါး၊ အဆိပ်ဖြစ်စေမည့် ဆေးဝါး၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် လောဘသမားများ ထုတ်လုပ်ရောင်းချသည့် ဆေးဝါး၊ အစစ်မဟုတ်သော စံမမီသော အတုဆေးဝါးများသည် စားသုံးသူများအတွက် အန္တရာယ်ကြီးလှပေသည်။*

**အရက်အတု**

*အရက်အတုသည်လည်း ဒုက္ခပေးလှပြီ။ နည်းနည်းသောက်သောက်၊ များများသောက်သောက်၊ စံချိန်မမီသော အရက်၊ အဆိပ်အတောက်ဖြစ်သော အရက်၊ 'မူးရင်ပြီးရော' သောက်သောအရက်၊ ဖြစ်သလိုကြုံသလို ထုတ်လုပ်ထားသော အရက်၊ တံဆိပ်အတုကပ်ထားသော အရက်၊ သည်လိုအရက်မျိုးများကိုမှ ဈေးပေါပေါရ၍ သောက်ကြ၊ မူးကြသည်။ အသက်တိုသည်။ သေသူတွေများလာသည်။*

**ပုပ်သိုးသော အစားအစာများ**

*မနက်မိုးလင်း၍ လက်ဖက်ရည်ဆိုင်ထိုင်ကြသည်။ ဆာဆာနှင့် အစားအစာမှာစားကြသည်။ စားကြွင်းစားကျန်တွေကို အသွင်ပြောင်းပြီး ရောင်းသူတွေရှိသည်။ ပုပ်သိုးသောအစားအစာများကို ထင်မှတ်မှားအောင် သဏ္ဌာန်ဆောင်ကြသည်။ စားသုံးသူကလည်း သေသေချာချာ စစ်ဆေးချိန်မရ၊ နောက်မှ သိရသည်။ ပုပ်သိုးသော အစားအစာများ၊ ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများ ဖြစ်နေသည်။ စားသုံးသူကို ကိုယ်ချင်းမစာနာပါ။*

**ထိုက်တန်သော အရည်အသွေး**

*ရောင်းသူနှင့် ဝယ်သူ၊ ထုတ်လုပ်သူနှင့်စားသုံးသူ၊ နှစ်ဖက်စလုံးက စည်းကမ်းရှိရမည်။ ထိုက်တန်ရမည်။ အရည်အသွေး ပြည့်ဝရမည်။ တန်ရာတန်ဖိုးပေးချေပါလျက် အရည်အသွေး မပျက်စေနှင့်။ အရည်အသွေးပြည့်စုံပါလျက် တန်ရာတန်ဖိုးပေးချေဖို့လည်း မမေ့နှင့်။ အာမခံချက် ပေးသူကပေး၊ တန်ဖိုးကို ထိုက်တန်စေရန်လည်း အရေးကြီးသည်။ အပြန်အလှန် တာဝန်ယူစေ။*

**စောင့်ကြည့်စစ်ဆေး**

*ထုတ်လုပ်သူ၊ ရောင်းချသူ၊ ဖြန့်ချိသူများသည် မိမိထုတ်လုပ်၊ ရောင်းချ၊ ဖြန့်ချိသည့် ပစ္စည်းများအတွက် တာဝန်ခံရမည်။ ပစ္စည်းပေါ်တွင် အမည်၊ နာမ၊ လိပ်စာ၊ တယ်လီဖုန်း၊ တံဆိပ် စသည် ကပ်ထားရမည်။ စံချိန်စံညွှန်း အပြည့်အဝဖော်ပြရမည်။ တာဝန်ရှိသူ၊ စစ်ဆေးသူက အချိန်မရွေး စောင့်ကြည့်မည်။ စစ်ဆေးမည်။ စားသုံးသူများ ဘက်ကလည်း သေချာရမည်။ ပြဿနာ၏ အရင်းအမြစ်ကို တင်ပြနိုင်ရမည်။*

**ထုပ်ပိုးထားသည့်စားစရာ**

*ဖက်များဖြင့် ထုပ်ပိုးထားသည့် ငါးချဉ်ထုပ်ကို အထပ်များစွာထုပ်ပိုးထား၍ ဖြေကြည့်မှ ပိုးကောင်များတွယ်နေတတ်ခြင်းမျိုး၊ လက်ဖက်ထုပ်ထဲမှ ယမ်းစိမ်းနံ့များ ထွက်လာခြင်း၊ စည်သွတ်ဘူးထဲမှ ငါးသေတ္တာ အပုပ်၊ လက်ဆောင်ခြင်းထဲမှာ ထုပ်ပိုးထားခြင်းခံရသော ရက်လွန်စားစရာပစ္စည်းမျိုးစုံ၊ စက္ကူဘူးခွံလှလှများဖြင့် ထုပ်ပိုးထားသည့် အရက်အတု၊ အစားအစာအတု၊ ယခုဆိုလျှင် ကြက်ဥကိုပင် အတုအစစ်ခွဲခြား၍ မရသော ကြက်ဥအတုပေါ်နေပြီဆို၏။ ရင်မောဖွယ်။*

**ပြည်တွင်း ပြည်ပ**

*မြန်မာပြည်က ထုတ်လုပ်သော ပစ္စည်းကို မြန်မာပြည်က တာဝန်ယူရသကဲ့သို့ ပြည်ပကထုတ်လုပ်သော ပစ္စည်းကို ပြည်ပက တာဝန်ယူရသည်။ သူ့ဘာသာ သူ့စကား၊ သူ့တံဆိပ်နှင့်သူ တာဝန်ခံရသည်။ သို့မှသာ တာဝန်ရှိသူက စစ်ဆေးနိုင်မည်။ အရေးယူနိုင်မည်။ စားသုံးသူ၏ အကျိုးကို ထိထိမိမိကာကွယ်နိုင်မည်။ ပြည်တွင်း ပြည်ပ ပညာရှင်များ၏ အကြံဉာဏ်ဖြင့် တိုးတက်မှုရရှိမည်။*

**စားသုံးသူကာကွယ်ရေးဥပဒေ**

*"စားသုံးသူကာကွယ်ရေးဥပဒေ" မကြာမီပြဋ္ဌာန်းတော့မည်ဟု သိရပါသည်။ ကြိုဆိုပါသည်။ စားသုံးသူများအတွက် စေတနာထားရပါမည်။ စာနာရပါမည်။ ကိုယ်ချင်းစာတတ်ရပါမည်။ အသက်အန္တရာယ်မဖြစ်စေရပါ။ ဘာသာတရားကိုင်းရှိုင်းတတ်သော၊ စေတနာကောင်းသည်ဟု နာမည်ကျော်သော မြန်မာတို့သည် အလှူအတန်းရက်ရောခြင်း၊ သမ္မာအာဇီဝဖြင့် အသက်မွေးခြင်းဖြင့် စားသုံးသူများ အကျိုးသယ်ပိုးကြမည်သာ။*

**ပြဋ္ဌာန်းပြီးဥပဒေများ**

*မြန်မာနိုင်ငံ၏ ပြဋ္ဌာန်းပြီး တည်ဆဲဥပဒေများအချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။*

*(၁)အမျိုးသားဆေးဝါးဥပဒေ(၁၉၉၂) တွင်ပြဋ္ဌာန်းသည်။ ဆေးဝါးအတုတိုက်ဖျက်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များ အများပြည်သူ စားသုံးနိုင်ရန် အဓိကရည်ရွယ်သော ဥပဒေပြဋ္ဌာန်းချက် ဖြစ်သည်။*

*(၂) တိုင်းရင်းဆေးဝါးဥပဒေ(၁၉၉၆)တွင် ပြဋ္ဌာန်းသည်။ တိုင်းရင်းဆေးများ စနစ်တကျထုတ်လုပ်၊ အများပြည်သူသုံးစွဲရန် မသင့်က စိစစ်၊ တားမြစ်ရန် အဓိကရည်ရွယ်သော ဥပဒေပြဋ္ဌာန်းချက်ဖြစ်သည်။*

*(၃) အမျိုးသားအစားအသောက်ဥပဒေ(၁၉၉၇)တွင် ပြဋ္ဌာန်းသည်။ အရည်အသွေးကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် အဓိကရည်ရွယ်သော ဥပဒေပြဋ္ဌာန်းချက်ဖြစ်သည်။*

**အကြံပြုတင်ပြချက်**

*"အစားအစာစားသုံးသူအားလုံးအတွက် ပြဋ္ဌာန်းမည့် စားသုံးသူကာကွယ်ရေးဥပဒေ"ကို ကြိုဆိုပါသည်။ ပြဋ္ဌာန်းပြီးဥပဒေများ၊ တည်ဆဲဥပဒေများ၊ ဆက်စပ်ဆက်နွှယ်သော ဥပဒေများနှင့်ပါ ပေါင်းစပ်သုံးသပ်လျက် အချက်အလက်မထပ်စေဘဲ ရည်ရွယ်ချက်ထိထိမိမိဖြင့် ပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။*

**ဦးဟန်ညွန့်(ဥပဒေ)**



## မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားထွက်ခွာ

**ရန်ကုန် ဧပြီ ၂၁**

ကိုရီးယား သမ္မတနိုင်ငံ Pyeongtack မြို့၌ ဧပြီ ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် အာရှအလေးမအဖွဲ့ချုပ် ကွန်ဂရက်သို့ တက်ရောက်ရန် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လင်း ခေါင်းဆောင်၍ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ချစ်၊ အထွေထွေအတွင်းရေးမှူး ဦးမြင့်ဆွေနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဆရာဝန် ဒေါက်တာမြလေးစိန်တို့ပါဝင်သည့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၀ ရက် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။



အာရှအလေးမအဖွဲ့ချုပ် ကွန်ဂရက်နှင့်အတူကျင်းပမည့် အာရှအလေးမ တံခွန်စိုက်ပြိုင်ပွဲတွင် ဦးမြင့်ဆွေနှင့် ဒေါက်တာမြလေးစိန်တို့က Technical Official များအဖြစ် ဧပြီ ၃၀ ရက်အထိ တာဝန်ထမ်းဆောင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီ ဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေထိ ဖြစ်တတ်သည်။

**လိုက်နာဆောင်ရွက်ရန် -**

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများ တွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ် လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီး ရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက် ကောင်းသောနေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



## ရန်ကုန်-မန္တလေး မီးရထားလမ်းပိုင်း၊ ရန်ကုန်-နေပြည်တော် မီးရထားလမ်းပိုင်းနှင့် ရန်ကုန်-မော်လမြိုင်-ထားဝယ်ဆိပ်ကမ်းမီးရထားလမ်းပိုင်းများတွင် လူစီးအမြန်ညရထားများ ပြန်လည်ပြေးဆွဲပေးပြီဖြစ်၍ ခရီးသွားပြည်သူလူထုတို့ ဝမ်းသာ

**ပဲခူး ဧပြီ ၂၁**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်-မန္တလေး မီးရထားလမ်းပိုင်း၊ ရန်ကုန်-နေပြည်တော်မီးရထားလမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်-ထားဝယ်ဆိပ်ကမ်း မီးရထားလမ်းပိုင်းများတွင် ခရီးသွားပြည်သူတို့၏ ဆန္ဒအတိုင်း လူစီးအမြန်ညရထားများ ပြန်လည်ပြေးဆွဲပေးခဲ့သဖြင့် ယခုအခါ မီးရထားဖြင့် အများဆုံး ခရီးသွားကြသည့်သူများ၊ ရုံးသူရုံးသားများ၊ ဈေးသူဈေးသားများနှင့် ခရီးသွားပြည်သူလူထုတို့မှာ အလွန်ကျေနပ်ကြကြောင်း သိရသည်။

ရန်ကုန်မှ လူစီးအမြန်ညရထားများကို စီးနင်းပါက နောက်နေ့နံနက်စောစောတွင် ခရီးဆုံးဘူတာဖြစ်သော မန္တလေးသို့လည်းကောင်း၊ နေပြည်တော်သို့လည်းကောင်း၊ မော်လမြိုင်သို့လည်းကောင်း ရောက်ရှိကြသည်။ တစ်နေ့လုံး အလုပ်အကိုင်များလုပ်ကြပြီး ညရထားများဖြင့် ပြန်လည်စီးနင်းလိုက်ပါလာခဲ့ပါက ရထားပေါ်တွင် ညအိပ်ပြီး နောက်တစ်နေ့ နံနက်စောစောတွင် မိမိစီးနင်းခဲ့သည့် ဘူတာသို့ ပြန်လည်ရောက်ရှိကြသဖြင့် အချိန်မကုန်ခြင်း၊ အပိုငွေကြေးမကုန်ခြင်း၊ လူမပန်းခြင်း စသည့် အကျိုးများရှိရာ ယခုကဲ့သို့ လူစီးအမြန်ညရထားများ ပြန်လည်ပြေးဆွဲပေးမှုကို ဝမ်းသာနေကြကြောင်း မီးရထားဖြင့် အမြဲ ခရီးသွားလာလုပ်ကိုင်နေသူတစ်ဦးက ပြောပြသည်။

မြန်မာ့မီးရထားအနေဖြင့် ညအချိန်ပြန်လည်ပြေးဆွဲပေးသည့် လူစီးအမြန်ညရထားများမှာ ရန်ကုန်-မန္တလေး ခရီးစဉ်တွင် အမှတ်(၅)၊ အမှတ်(၆)အစုန်/အဆန်ရထားများ၊ အမှတ်(၃)၊ အမှတ်(၄)အစုန်/အဆန်ညရထားများဖြစ်သည်။ ရန်ကုန်-နေပြည်တော်ခရီးလမ်းပိုင်းတွင် အမှတ်(၇)၊ အမှတ်(၈)အစုန်/အဆန် ညရထားများ ဖြစ်သည်။ ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်ဆိပ်ကမ်း လမ်းပိုင်းတွင် အမှတ်(၁၇၅)၊ အမှတ်(၁၇၆)အစုန်/အဆန်ညရထားများ ဖြစ်သည်။ ရန်ကုန်-မော်လမြိုင် ခရီးလမ်းပိုင်းတွင် အမှတ်(၃၅)၊ အမှတ် (၃၆) အစုန်/အဆန် ညအမြန်ရထားများ စသည်တို့ဖြစ်ကြောင်း သိရသည်။ နီလာဝင်း(ရွှေသွေးကြီး)



## ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လက်ရွေးစင်ပြိုင်ပွဲ ဆုပေး

**မော်လမြိုင်ကျွန်း ဧပြီ ၂၁**

၂၀၁၂ခုနှစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား (၆)ခရိုင် အပြည်ပြည်ဆိုင်ရာ လက်ရွေးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် တံခွန်စိုက်ဆုဖလားပေးအပ်ပွဲကို ဧပြီ ၆ ရက် ည ၇ နာရီက မော်လမြိုင်ကျွန်းမြို့ မော်ရွှေဝါခန်းမ၌ ကျင်းပသည်။

ယင်းနောက်ဆုံးဗိုလ်လုပွဲတွင် သက်ငယ်တန်းဗိုလ်လုပွဲငါးပွဲနှင့် အမျိုးသားအလွတ်တန်းဗိုလ်လုပွဲနှစ်ပွဲတို့ ယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ရာ သက်ငယ်တန်းအကောင်းဆုံးအားကစားသမားဆုရ သက်အောင် (ဖျာပုံခရိုင်)နှင့် အမျိုးသားအလွတ်တန်း အကောင်းဆုံးအားကစားသမားဆုရ သက်နိုင်ဦး (လပွတ္တာခရိုင်) တို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေးမောင်က ဆုချီးမြှင့်ပြီး သက်ငယ်တန်းတံခွန်စိုက်ဖလားနှင့် အလွတ်တန်းတံခွန်စိုက်ဖလားဆုရရှိသော လပွတ္တာခရိုင်အား တိုင်းအား/ကာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွန့်က ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် (၆)ခရိုင် အပြည်ပြည်ဆိုင်ရာ လက်ရွေးပြိုင်ပွဲ တံခွန်စိုက်ပထမဆုဖလားရရှိသော လပွတ္တာခရိုင်အား ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ကိုယ်စား လပွတ္တာခရိုင် အုပ်ချုပ်ရေးမှူး ဦးကံဝင်းက ပထမတံခွန်စိုက်ဖလား ပေးအပ်ချီးမြှင့်လိုက်သည်။ **(အပေါ်ပုံ)** (၃၆၄)

## ရှမ်းပြည်နယ် မူဆယ်မြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုတစ်ခုဖြစ်ပွား တစ်ဦးသေဆုံး

**နေပြည်တော် ဧပြီ ၂၁**

ရှမ်းပြည်နယ် မူဆယ်မြို့နယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းတစ်ဦး သေဆုံးခဲ့ပြီး အခြားသူများ ထိခိုက်ဒဏ်ရာရမှုမရှိခဲ့ကြောင်း သိရသည်။

ဧပြီ ၂၀ ရက် နံနက် ၅ နာရီ မိနစ် ၂၀ ခန့်တွင် မူဆယ်မြို့နယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် မူဆယ်မှ လားရှိုးအထွက် ယာဉ်ငယ်စစ်ဆေးရေးဂိတ်၌ ၎င်းဂိတ်တာဝန်ကျဝန်ထမ်းဖြစ်သူ ဒုတိယ လူဝင်မှုကြီးကြပ်ရေးမှူး ဦးကြည်ထွန်းသည် တာဝန်ထမ်းဆောင်စဉ် ၎င်း၏နောက်ကျောဘက်လေးပေခန့်အကွာ မြေကြီးအတွင်း မြှုပ်ထားသည့် ဒေသန္တရလက်လုပ်ချိန်ကိုက်မိုင်းတစ်လုံး ပေါက်ကွဲရာမှ ဦးကြည်ထွန်း၏ ဦးခေါင်းယာဘက်ခြမ်းတွင် မိုင်းစများထိမှန်ဒဏ်ရာရကာ နေရာတွင်ပင် သေဆုံးခဲ့ကြောင်း၊ အခြားဝန်ထမ်းများနှင့် ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရမှုမရှိခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားရာနေရာမှ Wookee တံဆိပ်ပါ အဖြူရောင်ကြားခံချပ်နှင့်တွဲလျက် ပါဝါတံဆိပ်ဓာတ်ခဲရှစ်လုံးနှင့် ဘောစေ့များ သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ပေါက်ကွဲမှုနှင့်စပ်လျဉ်း၍ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရရှိစေရန်နှင့် ကြောက်ရွံ့ထိတ်လန့်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများတွင် မိုင်းထောင်ခြင်း အပါအဝင် အဖျက်အမှောင့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ သတင်းပေးပို့ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားသည်။ (သတင်းစဉ်)

**မပြောမပြီး မတီးမမြည်**

## နေရာတိုင်းမှာ သူ့မျက်နှာ

အိမ်ရှင်မတွေ မနက်တိုင်းခေါင်းကိုက်ရတဲ့ကိစ္စက ဈေးဝယ်ရခြင်းအကြောင်းရင်းတစ်ချက်ပါ။ သင့်တင့်တဲ့ဈေးနှုန်းနဲ့ ကိုယ်ဝယ်မယ့် ဟင်းလျာကို ဝယ်ဖို့စဉ်းစားနေရတာလည်း ကွန်ပျူတာနဲ့ တွက်ချက်ပြီး အဖြေရှာရသလိုလွယ်ကူတဲ့ကိစ္စမဟုတ်ပါ။

ဈေးဝယ်ဖို့လာတဲ့ လမ်းတစ်လျှောက်မှာရော၊ ဈေးထဲမှာပါ ချာလည်လည်ဝဲလည်လည်ဖြစ်နေရတာ ဒုက္ခတစ်ခုလိုပါပဲ။ တခြားအသားတွေထက် ကြက်သားဆိုရင် အိမ်သားအများစုစားကြပါတယ်။ ဒါကြောင့် ကြက်တစ်ခြမ်းလောက်ဝယ် အသီးအနှံလေးနဲ့ ရောနှောကြော်ချက်စားရင် အာဟာရလည်းဖြစ်၊ အရသာရှိရှိလည်း စားနိုင်မယ်ထင်မိပါတယ်။ ကြက်သားသုံးဆယ်သားလောက်ဝယ်ပြီး ရောနှောချက်ဖို့ အသီးအရွက်ဈေးတန်းဘက် ခြေဦးလှည့်လိုက်မိပါတယ်။ ဟော . . . အသီးအရွက်ဈေးတန်းနားရောက်တော့ အသီးအရွက်တွေရဲ့ စိမ်းစိမ်းစိုစို အရောင်လန်းလန်းတွေက ဈေးဝယ်သူ၏ စိတ်နှလုံးကို ညှို့ယူဆွဲဆောင်နေသလိုပါ။ ဈေးသည်က ဂေါ်ဖီပန်းထုပ်ကို ရှမ်းပန်းအစစ်လို့ ပြောတာကြောင့် ဝယ်မယ်လို့ စိတ်ကူးပြီး ကိုင်တွယ်ကြည့်လိုက်ပါတယ်။ သေသေချာချာကြည့်လိုက်မှ ဂေါ်ဖီပန်းတစ်ခုလုံးမှာ ကွက်ကျားကွက်ကျားအစိမ်းရောင်တွေ ကျွတ်ထွက်နေတာတွေ့လိုက်ရလို့ ဒါဆေးနဲ့ အင်ထားတယ်လို့ သဘောပေါက်လိုက်ပါတယ်။ ပန်းဂေါ်ဖီကို လက်လျှော့ပြီး ခပ်လှမ်းလှမ်းမှာရှိတဲ့ ဈေးသည်ကို လှမ်းကြည့်မိလိုက်ပါတယ်။ အရန်ဟင်းမျှစ်ကြော်မယ်စိတ်ကူးပြီး မျှစ်သည်ရှေ့ရောက်တော့ မျှစ်ကလေးတွေ နီနီရဲရဲနဲ့ စားချင်စရာပါပဲ၊ ဒါပေမယ့် မျှစ်တွေကို လှီးဖြတ်နေတဲ့ ဈေးသည်ရဲ့ လက်တွေမှာတော့ ဆိုးဆေးကြောင့် နီနီရဲရဲတွေ စွန်းထင်းနေတာတွေ့လိုက်တာကြောင့် ခြေတစ်လှမ်းချင်းနောက်ပြန်ဆုတ်လိုက်မိပါတယ်။ ကြက်သားနဲ့ရောမယ့်အရောင်ဆိုးဆေးကင်းတယ်လို့ ထင်ရတဲ့ ဘူးသီးစိတ်လေးကိုပဲ ရွေးဝယ်ခဲ့မိပါတယ်။

ထမင်းစားပြီးပြန်တော့ အချိုတည်းစရာ အသီးအနှံလေးစားလိုတာကြောင့် သစ်သီးတန်းကို ထွက်ခဲ့ပါတယ်။ သစ်သီးတန်းက စပျစ်သီးသည်ရှေ့ရောက်တော့ စပျစ်သီးမှာလည်း ပိုးသတ်ဆေးဖျန်းထားတာမကြာသေးတဲ့ ပုံစံတွေ့ရတော့ မဝယ်ဖြစ်တော့ပါဘူး။ ဈေးအဝင်နားမှာ တွေ့ခဲ့တဲ့ ဝယ်နေကျငှက်ပျောသီးသည်ဆီရောက်တော့လည်း မမှည့်သေးတဲ့ အစိမ်းရောင်ငှက်ပျောသီးတွေ အထမ်းတစ်ထမ်းလုံးတွေ့ခဲ့တာမို့ အိမ်နားရောက်မှပဲ ကွမ်းယာသည်နားမှာရောင်းတဲ့ ငှက်ပျောသီးလေးငါးလုံးလောက်ပဲ ဝယ်တော့မယ်လို့ စိတ်ကူးမိပါတယ်။ များမကြာမီ ဈေးတန်းကို တစ်ခေါက်ရောက်တော့ အရင်ကိုယ်တိုင်မျက်စိနဲ့တွေ့ခဲ့ရတဲ့ ငှက်ပျောသီးသည်ရဲ့ အထမ်းတောင်းထဲက ငှက်ပျောသီးစိမ်းစိမ်းကြီးတွေဟာ မှည့်မှည့်ဝင်းဝင်းထိန်ထိန်ဝါနေလို့ ကိုယ့်မျက်စိကိုယ် ကာလာလွဲနေသလားလို့ ပွတ်ကြည့်မိပါတယ်။

"ဟဲ့ . . . မင်းငှက်ပျောသီးတွေကမှည့်တာမြန်လှချည်လား၊ မျက်လှည့်များပြလိုက်သလားဟယ်"

ငှက်ပျောသီးသည်က စပ်ဖြဲဖြဲနဲ့ 'ခုနငှက်ပျောသီးတွေက အစ်မပြောသလိုမျက်လှည့်ပြလိုက်တာ မှည့်သွားပြီလေ . . . ကျွန်တော်ဉ်ဖွဆိုမန်းလိုက်တာ"တဲ့။

ငှက်ပျောသီးကိုသေသေချာချာကြည့်လိုက်တော့ အညှာနားမှာ အစိမ်းကြီးရှိသေးတာတွေ့လိုက်ရတယ်။ အံ့ဖွယ်သုတပါပဲ ကိုယ့်ရင်၊ ကိုယ့်ဗိုက်စမ်းပြီး ဒီလိုမျိုးမျက်လှည့်ပြတဲ့ ငှက်ပျောသီးတွေ ကိုယ်တိုင်အကြိမ်ပေါင်းများစွာ စားခဲ့ရပြီးပြီဆိုပြီး တုန်လှုပ်မိပါတော့တယ်။

ဆိုးဆေးကိစ္စရှောင်ရှားရင်း စားစရာအစားအစာအတော်ရှားပါးသွားတာကို သတိထားမိလိုက်ပါတယ်။ ထမင်းစားပြီး အချိုတည်းဖို့ ပိုပြီး စိတ်ချရတဲ့ အညာသူရောင်းတဲ့ ကျောက်ပန်းတောင်းထန်းလျက်ကိုပဲ ဝယ်လာခဲ့တယ်။ ဒီထန်းလျက်ကတော့ ဆိုးဆေးကင်းလိမ့်မယ်လို့မျှော်လင့်မိပါတယ်။

ဩော် . . . ဆိုးဆေးကိစ္စကိုတွေးရင်း ဘုရားပန်းဝယ်ဖို့တောင်သတိမေ့နေပါတယ်။ ဟိုတလောက သစ္စာပန်းခရမ်းရောင်အကျားလေး ထူးထူးဆန်းဆန်းလှလို့ ဝယ်မိပါတယ်။ အိမ်ရောက်တော့ရေနဲ့ထိပြီး အရောင်တွေကျွတ်ကုန်တာအမှတ်ရမိသေးတယ်။ ပန်းတောင်မှ ဆိုးဆေးမလွတ်ကင်းနိုင်တာတွေးမိလို့ ရိုးရိုးရှင်းရှင်းပဲ သပြေပန်းပဲ ဘုရားတင်တော့မယ်စိတ်ကူးမိရဲ့၊ စိမ်းစိုလန်းဆန်းတဲ့ သပြေပင်လေးတွေထဲက အလှဆုံးရွေးပြီး ဝယ်ခဲ့မိပါတယ်။ ဈေးခြင်းကိုတစ်ဖက်ကကိုင် ၊ သပြေပန်းစည်းကို လက်တစ်ဖက်ကကိုင်နဲ့ ဈေးကနေအိမ်ကို လမ်းလျှောက်ပြန်လာခဲ့မိတယ်။ ငါးမိနစ်ကျော်ကျော်လောက်သာဝေးတဲ့ ဈေးကနေအိမ်အရောက်မှာ လက်ထဲကိုင်ထားတဲ့ သပြေပန်းတွေညှိုးနွမ်းသွားတာကို တွေ့လိုက်ရပါတယ်။ စိမ်းစိမ်းစိုစို တောင့်တောင့်တင်းတင်းဖြစ်နေတဲ့ သပြေပင်လေးတွေ ချက်ချင်းဆိုသလို ညှိုးငိုက်သွားတာကတော့ ထူးဆန်းသလိုဖြစ်နေပါတယ်။ တရားသဘောအရ ဖြစ်ခြင်းပျက်ခြင်းသဘောတရားကို နားလည်သဘောပေါက်ပေမယ့် ခုဟာက သပြေပန်းတွေကို တမင်ဆေးဖျန်းပြီး လုပ်ကြံထားတာကတော့ အံ့ဩစရာပါ။ ဘယ်လိုဆေးနဲ့ဖျန်းပက်ထားတာ ပါလိမ့်လို့ သိချင်လို့ သူငယ်ချင်းတစ်ယောက်ပြောတာကို အမှတ်ရလိုက်ပါတယ်၊ ပဲပင်ပေါက်ကို ဖြူဖွေးပြီး တောင့်တောင့်တင်းတင်းလေးဖြစ်အောင်ဆေးဖျန်းထားလို့ လက်အိတ်နဲ့ ပဲပင်ပေါက်ကိုင်မိတာ လက်အိတ်ပေါက်ပြဲသွားတယ်လို့ ငါ ဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရတယ်။ နင်တို့ ပဲပင်ပေါက်မစားနဲ့နော်တဲ့။ လူတွေကဘာကြောင့် ကိုယ်လိုဘ တစ်ခုတည်းကြည့်ပါလိမ့်၊ မိမိကုန်ပစ္စည်းရောင်းထွက်ဖို့ တစ်ခုပဲ ကြည့်ပြီး အများသူငါစားသောက်တဲ့သူတွေ အန္တရာယ်မကင်းဖြစ်အောင်လုပ်မိတဲ့ ကိစ္စကိုတော့ စဉ်းစားဖို့လိုပါတယ်။ ဆိုးဆေးကြောင့် ရုတ်တရက်အန္တရာယ်မဖြစ်တောင်မှ အစားအသောက်မှာသုံးတဲ့ ဆိုးဆေးမဟုတ်ခဲ့ရင် ကင်ဆာရောဂါလို ရောဂါကြီးတွေစွဲကပ်နိုင်မယ်ဆိုတာ ကိုယ်ချင်းစာစိတ်နဲ့ အသိတရားရှိစေချင်ပါတယ်။ ဆိုးဆေးအန္တရာယ်ကြောင့် ခန္ဓာကိုယ်တွင်း အင်္ဂါတွေပျက်စီးချို့ယွင်းသွားမယ်ဆိုရင် ဆေးကုသစရိတ်၊ လူနာစရိတ်တွေ တန်းစီပြီး ထိခိုက်နိုင်တာကို စားသုံးသူတွေဘက်ကနေဝင်ရောက်ခံစားကြည့် စေချင်ပါတယ်။ ကိုယ့်အတွက် အကျိုးတစ်ခုတည်းကို မကြည့်ဘဲ အသိတရားနဲ့ သတိထားပြီး သမ္မာအာဇီဝဖြစ်အောင် ကောင်းရောင်းကောင်းဝယ်လုပ်မှသာ စားသုံးသူတွေလည်း အန္တရာယ်ကင်းရေး၊ ကိုယ်လည်းဈေးရောင်းရင်း ကုသိုလ်ဖြစ်တယ်ဆိုတာကို ရောင်းသူရော၊ စားသုံးသူတို့ကိုပါ အသိပေးလိုက်ရပါတယ်။

ခင်လပြည့်ဝန်း



# တောင်ကိုရီးယားဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအား MFF ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၁**

တောင်ကိုရီးယားနိုင်ငံ မို့ခ်ပိုမြို့သို့ ရောက်ရှိနေသော ပဏာမ မြန်မာယူ-၂၂ ဘောလုံးအသင်းမှ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) အထွေထွေအတွင်းရေးမှူး ဦးတင်အောင်၊ ဘောလုံးအသင်းအတွင်းရေးမှူး ဦးစိုးမိုးကျော်တို့ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၀ ရက် နံနက်ပိုင်းက တောင်ကိုရီးယားနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (KFA) ရုံးချုပ်ရှိရာ ဆိုးလ်မြို့တော်သို့ သွားရောက်၍ အဖွဲ့ချုပ် ဥက္ကဋ္ဌ မစ္စတာ ချိုချောင်ယန်းနှင့် အဖွဲ့အား သွားရောက်တွေ့ဆုံခဲ့သည်။

ဦးတင်အောင်နှင့် ဦးစိုးမိုးကျော်တို့



မြန်မာဘောလုံးကိုယ်စားလှယ်အဖွဲ့အား KFA ဥက္ကဋ္ဌ မစ္စတာချိုချောင်ယန်းက နွေးထွေးစွာ ကြိုဆိုခဲ့ပြီးနောက် နှစ်နိုင်ငံ ဘောလုံးရေးရာများအတွက် ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်များနှင့်အတူ KFA ဥက္ကဋ္ဌ မစ္စတာချို၊ ဒုတိယဥက္ကဋ္ဌ မစ္စတာကင်နှင့် အထွေထွေအတွင်းရေးမှူး မစ္စတာကင်ဂျိုဆန်းတို့လည်း တက်ရောက်ခဲ့ကြပြီး ရှေ့ဆက်ဆောင်ရွက်မည့် နှစ်နိုင်ငံ ဘောလုံးရေးရာ ပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေးခြင်းနှင့် ဘောလုံးလောက တိုးတက်ရေးအတွက် အကြံဉာဏ်များ ဖလှယ်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

ယင်းနောက် MFF အထွေထွေအတွင်းရေးမှူးက ဥက္ကဋ္ဌ ဦးဇော်ဇော်၏ KFA ဥက္ကဋ္ဌသို့ ပေးပို့သော နှုတ်ဆက်စကားကို ကိုယ်စားပြောကြားခဲ့ပြီး အမှတ်တရ လက်ဆောင်များအား ပေးအပ်ခဲ့သည်။**(ဓါတ်ပုံ)** မြန်မာနှင့် တောင်ကိုရီးယားနှစ်နိုင်ငံသည် တစ်ချိန်က အာရှဘောလုံးလောကတွင် ပြိုင်ဘက်ကောင်းများအဖြစ် အသီးသီးအောင်မြင်မှုရရှိခဲ့ကြပြီး ယနေ့ထိတိုင် ကိုရီးယားဘောလုံးလောကသားများအနေဖြင့် မြန်မာနိုင်ငံအား ဘောလုံးကို အရူးအမူး ချစ်ကြသော နိုင်ငံ၊ အာရှလက်ရွေးစင်များ မွေးထုတ်ပေးခဲ့သော နိုင်ငံအဖြစ် အသိအမှတ်ပြုထားကြသည်။

(၁၀၇)

# မူလတန်းကျောင်းဆောင်သစ်များ သံတောင်ကြီးမြို့တွင် တိုးချဲ့ဆောက်လုပ်

**သံတောင်ကြီး ဧပြီ ၂၁**

ကရင်ပြည်နယ် သံတောင်ကြီးမြို့တွင် အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်လျက်ရှိသည်။**(ယာပုံ)**

သံတောင်ကြီးမြို့ အမှတ်(၁) ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းတွင် အရှည် ၇၂ ပေ၊ အကျယ် ၃၂ ပေ နှစ်ခန်းတွဲ သံကူကွန်ကရစ် တစ်ထပ်၊ လေးခန်းတွဲ အိမ်သာပါ အဆောက်အအုံအား ငွေကျပ် ၄၄၈ သိန်းဖြင့် လည်းကောင်း၊ အမှတ်(၃) ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းတွင် အရှည် ပေ ၁၂၀၊ အကျယ် ၃၂ ပေ လေးခန်းတွဲ သံကူကွန်ကရစ် တစ်ထပ် လေးခန်းတွဲ အိမ်သာပါ အဆောက်အအုံအား ငွေကျပ် ၆၅၈ သိန်းဖြင့် လည်းကောင်း၊ အမှတ်(၅) ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းတွင် အရှည် ၇၂ ပေ၊ အကျယ် ၃၂ ပေ နှစ်ခန်းတွဲ သံကူကွန်ကရစ် နှစ်ခန်းတွဲ အိမ်သာပါ အဆောက်အအုံအား ငွေကျပ် ၄၂၃ သိန်းဖြင့် လည်းကောင်း ဆောက်လုပ်လျက်ရှိရာ လုပ်ငန်းပြီးစီးမှု ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

အဆိုပါအဆောက်အအုံများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မစတင်မီ ဖွင့်လှစ်အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အဆောက်အအုံများအား UNHCR နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဦးစီးဌာန (နတလ)တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(ကိုလွင်-ဆွာ)



# မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၂-၄-၂၀၁၂ (တနင်္ဂနွေနေ့)**

| | | | |
|---|---|---|---|
| ၇း၀၅ | တရားတော် | ၄း၅၅ | အားလုံးရဲ့တာဝန် |
| ၇း၂၅ | မြန်မာ့ရှုခင်း | ၅း၂၀ | ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း |
| ၈း၁၅ | ဇာတ်လမ်းတို | ၆း၃၀ | ဘဝကြေးမုံ |
| ၁၁း၃၀ | ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၅၀) | ၆း၅၀ | ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ |
| ၁၂း၀၀ | မြဝတီရုပ်မြင်ပေါ် ကရုပ်ရှင် -ဒီအတိုင်းလေးပဲကောင်းပါတယ် | ၇း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၂၇)** -ယနေ့ရန်ကုန်မြင်ကွင်းစုံ -ပဟေဠိနန်းတော် |
| ၁း၂၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရှင်သန်နေသရွေ့ (အပိုင်း-၁၉)** | | **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အရိုက်အရာ (အပိုင်း-၅)** |
| ၄း၁၅ | မြန်မာသံစဉ်ချိုနှာဝင် | | **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အရူဏ်ဦးရဲ့လင်းသံစဉ် (အပိုင်း-၂၁)** |
| ၄း၃၀ | သီဆိုဖြေဖျော်တစ်ကိုယ်တော် | | |

# ပွဲဦးထွက်ခြေစမ်းပွဲတွင် မြန်မာလူငယ်တို့(၀-၁)ဂိုးဖြင့် အရေးနိမ့်

သတင်း - ဇော်မင်းအောင်(၁၀၇)

**နေပြည်တော် ဧပြီ ၂၁**

တောင်ကိုရီးယားနိုင်ငံသို့ လေ့ကျင့်ရေးခရီးစဉ်အဖြစ် ရောက်ရှိနေသော ပဏာမ မြန်မာယူ-၂၂ အသင်းသည် ပထမဆုံး ခြေစမ်းပွဲအဖြစ် ကိုရီးယားနေရှင်နယ်လိဂ်ကလပ် (ကေ-လိဂ်၂)မှ မို့ခ်ပိုစီးတီး အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ (၀-၁) ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။



အသင်းအတွင်းရေးမှူး ဦးစိုးမိုးကျော်၏ ပြောကြားချက်အရ မို့ခ်ပိုအသင်းမှာ အသင်းကောင်းတစ်သင်းဖြစ်ပြီး မိမိတို့မြန်မာကစားသမားများ၏ ကြံ့ခိုင်မှုကို နည်းပြချုပ် ပက်ဆောင်ဟွာက စမ်းသပ်သည့်သဘောအဖြစ် ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာအသင်းသည် ရှေ့တန်းလူ ကျော်ကိုကိုအား အထောင်ထားပြီး ပြည့်ဖြိုးဦး၊ မိုင်းအိုက်နိုင်တို့ တောင်ပံတစ်ဖက်စီမှ ဝန်းရံကာ ရဲဇော်ထက်အောင်၊ ဇော်လင်း၊ မျိုးဇော်ဦး (ကွင်းလယ်)၊ သက်နိုင်၊ ဇော်မင်းထွန်း၊ ရဲလင်းနိုင်၊ သိန်းသန်းဝင်း၊ ပြည့်ဖြိုးအောင်(ဂိုး) စသည့်လူငယ်များဖြင့် ပွဲထွက်လာခဲ့သည်။ ပထမပိုင်းတွင် မြန်မာလူငယ်နှင့် မို့ခ်ပိုအသင်းတို့ ဂိုးမရှိ သရေကျနေသည်။

ဒုတိယပိုင်းတွင် မြန်မာလူငယ်အသင်းမှ ပြည့်ဖြိုးဦးအစား ဖြိုးကိုကိုသိန်း၊ မိုင်းအိုက်နိုင်အစား ကောင်းစည်သူတို့ ဝင်ရောက်ကစားခဲ့ပြီး ပွဲချိန် ၇၅ မိနစ်တွင် ဖြိုးကိုကိုသိန်းအစား နန္ဒကျော်ကို ထပ်မံအစားထိုးခဲ့သည်။ အိမ်ရှင် မို့ခ်ပိုစီးတီးအသင်းသည် ယနေ့ပွဲတွင် အကောင်းဆုံးကစားသွားပြခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် တစ်လုံးတည်းသော အနိုင်ဂိုးအား ပွဲချိန် ၇၃ မိနစ်တွင် သွင်းယူသွားခဲ့သည်။ မြန်မာအသင်းသည် ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ရာသီဥတုအခြေအနေနှင့် အခွင့်အရေးအချို့ လွဲချော်ခဲ့ခြင်းတို့ကြောင့် ချေပဂိုးမရရှိဘဲ ပွဲဦးထွက် ခြေစမ်းပွဲ အရေးနိမ့်ခဲ့ရသည်။

"မို့ခ်ပိုစီးတီးအသင်းက ၇၃ မိနစ် တစ်ဂိုးတည်းနဲ့ နိုင်ခဲ့တာပါ။ သူတို့အသင်း ကစားပုံ ကောင်းခဲ့ပါတယ်။ အထူးသဖြင့် ဘောလုံး အပေးအယူနဲ့ နေရာယူပုံလေးတွေ ကောင်းပါတယ်။ ကျွန်တော်တို့ အသင်းအနေနဲ့လည်း ပုံစံကောင်းရခဲ့ပါတယ်။ အခွင့်အရေးကောင်း တချို့လည်း ရခဲ့ပါတယ်။ ကံမကောင်းစွာဘဲ ဒီနေ့ မိုးရွာပြီး ရာသီဥတုက အရမ်းကို အေးနေပါတယ်။ ဘာပဲဖြစ်ဖြစ် ပြိုင်ဘက်အသင်းက ပိုပြီးတောင့်တင်းတဲ့အသင်း ဖြစ်တာကြောင့် ဒီရလဒ်အပေါ်တော့ ကျေနပ်ပါတယ်။ နည်းပြကြီးက သူ့ကစားသမားတွေရဲ့ ကြံ့ခိုင်မှုနဲ့ စွမ်းဆောင်ရည်ကို စမ်းသပ်ခဲ့တာပါ။ ကျော်ဇေယျာဝင်းနဲ့ ညီညီအောင်တို့က ဒဏ်ရာရနေလို့ မပါနိုင်ခဲ့ပါဘူး။ လာမယ့် ၂၄ ရက်နေ့ကျရင် ဟာနန်တက္ကသိုလ်နဲ့ ဒုတိယပွဲ ဆက်ကစားပါမယ်"ဟု မြန်မာအသင်း အတွင်းရေးမှူး ဦးစိုးမိုးကျော်က ဆိုသည်။

# မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၂၁

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့နှင့် မင်းဘူးမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီ၊ မြင်းခြံမြို့၊ မကွေးမြို့နှင့် ပခုက္ကူမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်မှာ** ဘော်လခဲမြို့တွင် သုည ဒသမ ၀၈ လက်မ ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။



**❖ ကျောဖုံးမှ**

အမေရိကန်ပြည်ထောင်စု မစ်ဇူးရီပြည်နယ်မှ စတီဖန်မက်ကားလတ် အမည်ရှိ လူငယ်တစ်ဦးက အာဖရိကဒေသ အခေါ်အားဖြင့် Moke`le`-mbe`mbe` ဟုခေါ်သော သတ္တဝါကြီး ရှိနေသည်ဆိုသည့် ဒေသသို့ သွားရောက်ရန် လူသူရိက္ခာငွေကြေး စုဆောင်းလျက်ရှိနေသည်ဟု ဆိုသည်။ ဒိုင်နိုဆောကဲ့သို့သော အဆိုပါသတ္တဝါကြီးမှာ အရှည် ၃၅ ပေ (၁၁ မီတာ)၊ မီးခိုးညိုရောင် အရေပြားနှင့် ရှည်ပြီးသွယ်သော လည်တိုင်တို့ ရှိသည်ဟု ဆိုသည်။ အဆိုပါသတ္တဝါကြီးမှာ မြစ်ကမ်းပါးရှိ လိုဏ်ဂူများတွင် နေထိုင်ပြီး ဆင်များ၊ ရေမြင်းများနှင့် မိကျောင်းများကို စားသောက်သည်ဟု ဒေသခံအများအပြားက ယုံကြည်ကြသည်။

မက်ကားလက်က ၎င်းနှင့်အပေါင်းအပါသုံးယောက်တို့ ပထမဆုံးသွားမည့်နေရာမှာ ကွန်ဂိုနိုင်ငံဖြစ်ပြီး ဇွန် ၂၆ ရက်တွင် စတင်ထွက်ခွာမည်ဟု ဆိုထားသည်။

နောက်ဆုံးသတင်းမှာ လောင်စာတစ်ဂါလန်ဖြင့် မိုင် ၃၀၀၀ မောင်းနှင်နိုင်သော ကားတစ်မျိုးကို တက္ကသိုလ်ကျောင်းသားလူငယ်များက တီထွင်လိုက်သည့် သတင်းဖြစ်သည်။**(ယာပုံ)**

ကာလီဖိုးနီးယား ပိုလီနည်းပညာတက္ကသိုလ်မှ ကျောင်းသားများက အလွန်ပေါ့ပါးသော ကာဗွန်ဖိုက်ဘာနှင့် စက်ဘီးအစိတ်အပိုင်းများကို အသုံးပြု၍ လောင်စာဓာတ်ငွေ့အိုး တစ်လုံးသာ တပ်ဆင်ထားသောကားကို တီထွင်တည်ဆောက်ကာ အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းခြေနှင့် အနောက်ဘက်ကမ်းခြေကို နိုင်ငံတစ်လျား ဖြတ်သန်းမောင်းနှင်းပြခဲ့သည်။ ကျည်ဆန်ပုံထိပ်ဦးနှင့် သေးငယ်သော ရွှေရောင်ကားကလေးကို "လာမီနာ"ဟု အမည်ပေးထားပြီး တစ်နာရီလျှင် ၂၅ မိုင်နှုန်း မောင်းနှင်နိုင်ခဲ့သည်။

ကား၏ အရွယ်အစားသေးငယ်ခြင်းနှင့် အလေးချိန် လွန်စွာပေါ့ပါးခြင်းတို့မှာ လောင်စာဆီကုန်ကျမှုနည်းပါးရခြင်း၏ သော့ချက်ဖြစ်ကြောင်း၊ ကားတစ်စီးလုံး၏ အလေးချိန်မှာ ပေါင် ၇၀ သာရှိကြောင်း သတင်း၌ ဖော်ပြထားသည်။

**◆ ဂန်းစတားမှ**

ခေတ်သစ်ဂန်းစတားများ (လက်နက်ကိုင်လူဆိုးဂိုဏ်းဝင်များ) အကြောင်းကို ထင်ဟပ်ပြသည့် စာအုပ်ဖြစ်သည်။ လီယိုနာဒိုက ဂျော်ဒန်ဘဲလ်ဖို့တ်အဖြစ် သရုပ်ဆောင်သွားမည်ဖြစ်သည်။

ယင်းဇာတ်ကားသည် လီယိုနာဒိုနှင့် စကော်ဆီဆီတို့ ပူးပေါင်းရိုက်ကူးသည့် ပဥ္စမမြောက်ဇာတ်ကား ဖြစ်လာမည်ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ယခင်က နာမည်ကျော်လူကြိုက်များ ရေပန်းစားခဲ့သည့် Gangs of New York၊ The Departed၊ The Aviator နှင့် Shutter Island ဇာတ်ကားတို့ဖြစ်သည်။ ***အင်တာနက်။***

**❒ ဂျက်စတင်ဘီဘာမှ**

အဆိုတော် သရုပ်ဆောင် ဆီလီနာဂိုမက်ဇ်က မိမိအနေဖြင့် ယခုလောလောဆယ် တေးသီချင်းသစ်များ သီဆိုအသံသွင်းထုတ်လုပ်ရန် အစီအစဉ်မရှိသေးကြောင်းနှင့် သရုပ်ဆောင်အနုပညာလုပ်ငန်းများကိုသာ ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

ဂိုမက်ဇ်သည် သူ၏ တေးသီချင်းအချို့ကို သူပါဝင်သရုပ်ဆောင်ရမည့် ရုပ်ရှင်ကားများတွင် နောက်ခံတေးသီချင်းအဖြစ် ထည့်သွင်း အသုံးပြုရန် စီစဉ်ထားသည်ဟုလည်း သတင်းများတွင် ဖော်ပြသည်။ ***အင်တာနက်။***

**အောဝမ်းစိုး**



ဂျက်စတင်ဘီဘာနှင့် တေလာဆွစ်ဖ်။

**မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ**

# ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လမ်းအသုံးပြုခကောက်ခံရေး လေလံ/B.O.T လမ်းဂိတ်များ သတ်မှတ်နှုန်းထား ထုတ်ပြန်ခြင်း

*ယမန်နေ့မှအဆက်*

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လမ်းအသုံးပြုခကောက်ခံရေးနှင့် စပ်လျဉ်း၍ ခရီးအကွာအဝေးအလိုက် ကျသင့်နှုန်းထားတွက်ချက်မှုဇယားများကို လုပ်သားပြည်သူများ၊ ယာဉ်မောင်း/ယာဉ်ပိုင်ရှင်များ သိရှိနိုင်ပါရန် အောက်ပါအတိုင်း အသေးစိတ် တွက်ချက်ထုတ်ပြန်အပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန

## လေလံမဲစနစ်ဖြင့် လမ်းအသုံးပြုခကောက်ခံရမည့်နှုန်းထားများစာရင်း

| စဉ် | လမ်းအမည် | လမ်းဂိတ်အမည် | ခရီးစဉ် | ကောက်ခံသည့်လမ်းမိုင် | ယာဉ်အမျိုးအစားအလိုက် လမ်း (၁) မိုင် ကောက်ခံနှုန်းနှင့် ကျသင့်ကောက်ခံနှုန်း (ကျပ်) | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ၂တန်အောက်ယာဉ် (ခရီးသည်တင်ယာဉ်) ကိုယ်ပိုင်ယာဉ်ငယ်များ၊ အငှားယာဉ်များ၊ မှန်လုံယာဉ်ငယ်-၇ယောက်စီးအထိ၊ အခြားယာဉ်များ၊ ထော်လာဂျီယာဉ် (ခရီးသည်တင်) | ၂တန်မှ ၅.၅တန်ထိ (ခရီးသည်တင်ယာဉ်) ဟိုင်းလပ်၊ လိုက်ထရပ်၊ ဒိုင်နာ၊ ကင်တာ၊ မှန်လုံယာဉ်ငယ်-၉ ယောက်စီးနှင့်အထက်၊ ထော်လာဂျီယာဉ် (ကုန်တင်) | ၂ တန်အောက်ယာဉ် (ကုန်တင်) | ၂တန်မှ ၅.၅တန်အထိ ယာဉ် (ကုန်တင်ယာဉ်ငယ်) လိုက်ထရပ်များ (ကိုယ်ထည်အလျား = ၁၅ ပေအောက်) | ၅.၅တန်အထက်မှ ၁၆တန်အထိ (ခရီးသည်တင်) ယာဉ်ကြီးနှင့် မှန်လုံယာဉ်ကြီး | (ယာဉ်+ကုန်) (၅ + ၅) ၁၀ တန် (ဝင်ရိုး - ၂ခု ပါ) ကုန်တင်ယာဉ်လတ်ငယ်(၆)ဘီးကား (ကိုယ်ထည်အလျား = ၁၅ပေမှ ၂၀ပေအထိ) | (ယာဉ်+ကုန်) (၆.၅+၆.၅) ၁၃ တန် (ဝင်ရိုး - ၂ခု ပါ) ကုန်တင်ယာဉ်လတ် (၆)ဘီးကား | (ယာဉ်+ကုန်) (၈ + ၈) ၁၆ တန် (ဝင်ရိုး - ၂ခု ပါ) ကုန်တင်ယာဉ်ကြီး (၆)ဘီးကား | (ယာဉ်+ကုန်) (၁၀.၅+၁၀.၅) ၂၁ တန် (ဝင်ရိုး - ၃ခု ပါ) ကုန်တင်ယာဉ်ကြီး (၁၀)ဘီးကား | (ယာဉ်+ကုန်) (၁၂.၅+၁၂.၅) ၂၅ တန် (ဝင်ရိုး - ၄ခု ပါ) ကုန်တင်ယာဉ်ကြီး (၁၂)ဘီးကား | (ယာဉ်+ကုန်) (၁၄+၂၀) ၃၄ တန် (ဝင်ရိုး - ၄ခု ပါ) ကုန်တင်ယာဉ်ကြီး (၁၄)ဘီးကား (နောက်တွဲပါ) | (ယာဉ်+ကုန်) (၁၅+၃၁) ၄၆ တန် (ဝင်ရိုး - ၅ခု ပါ) ကုန်တင်ယာဉ်ကြီး (၁၈)ဘီးကား (နောက်တွဲပါ) | (ယာဉ်+ကုန်) (၁၆+၃၉) ၅၅ တန် (ဝင်ရိုး - ၆ခု ပါ) ကုန်တင်ယာဉ်ကြီး (၂၂)ဘီးကား (နောက်တွဲပါ) | အမှတ်စဉ် (၈)မှ (၁၃)ထိ ကုန်တင်ယာဉ်ကြီးများ ကုန်မပါအလွတ်ဖြစ်ပါက |
| | | | | | ၂ိ/- | ၅ိ/- | ၆ိ/- | ၈ိ/- | ၁၀ိ/- | ၁၃ိ/- | ၁၅ိ/- | ၂၀ိ/- | ၃၀ိ/- | ၃၅ိ/- | ၄၅ိ/- | ၆၀ိ/- | ၇၀ိ/- | ၂၀ိ/- |
| | | | | | (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) |
| | **ကချင်ပြည်နယ်** | | | | | | | | | | | | | | | | | |
| ၁ | မန္တလေး-ရွှေဘို-မြစ်ကြီးနား (လီဒိုဟိုင်းဝေးကုမ္ပဏီ) | မြစ်ကြီးနား | မြစ်ကြီးနား-နမ္မတီး | ၃၂ | ၆၄ | ၁၆၀ | ၁၉၂ | ၂၅၆ | ၃၂၀ | ၄၁၆ | ၄၈၀ | ၆၄၀ | ၉၆၀ | ၁၁၂၀ | ၁၄၄၀ | ၁၉၂၀ | ၂၂၄၀ | ၆၄၀ |
| | | | နမ္မတီး-မြစ်ကြီးနား | ၃၂ | ၆၄ | ၁၆၀ | ၁၉၂ | ၂၅၆ | ၃၂၀ | ၄၁၆ | ၄၈၀ | ၆၄၀ | ၉၆၀ | ၁၁၂၀ | ၁၄၄၀ | ၁၉၂၀ | ၂၂၄၀ | ၆၄၀ |
| ၂ | မိုးကောင်း-ကာမိုင်း-လဝါး-လုံးခင်း(ပထမရွှေနဂါးကုမ္ပဏီ) | အုန်းဂတောင်း | ပါဟုတ်-လုံးခင်း | ၆၀ | ၁၂၀ | ၃၀၀ | ၃၆၀ | ၄၈၀ | ၆၀၀ | ၇၈၀ | ၉၀၀ | ၁၂၀၀ | ၁၈၀၀ | ၂၁၀၀ | ၂၇၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၂၀၀ |
| | | | လုံးခင်း-ပါဟုတ် | ၆၀ | ၁၂၀ | ၃၀၀ | ၃၆၀ | ၄၈၀ | ၆၀၀ | ၇၈၀ | ၉၀၀ | ၁၂၀၀ | ၁၈၀၀ | ၂၁၀၀ | ၂၇၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၂၀၀ |
| ၃ | မန္တလေး-ရွှေဘို-မြစ်ကြီးနား (လေလံ) | မိုးကောင်း | မိုးကောင်း-နမ္မတီး | ၈ | ၁၆ | ၄၀ | ၄၈ | ၆၄ | ၈၀ | ၁၀၄ | ၁၂၀ | ၁၆၀ | ၂၄၀ | ၂၈၀ | ၃၆၀ | ၄၈၀ | ၅၆၀ | ၁၆၀ |
| | | | နမ္မတီး-မိုးကောင်း | ၈ | ၁၆ | ၄၀ | ၄၈ | ၆၄ | ၈၀ | ၁၀၄ | ၁၂၀ | ၁၆၀ | ၂၄၀ | ၂၈၀ | ၃၆၀ | ၄၈၀ | ၅၆၀ | ၁၆၀ |
| | | | မိုးကောင်း-ဟိုပင် | ၃၂ | ၆၄ | ၁၆၀ | ၁၉၂ | ၂၅၆ | ၃၂၀ | ၄၁၆ | ၄၈၀ | ၆၄၀ | ၉၆၀ | ၁၁၂၀ | ၁၄၄၀ | ၁၉၂၀ | ၂၂၄၀ | ၆၄၀ |
| ၄ | မန္တလေး-ရွှေဘို-မြစ်ကြီးနား (လေလံ) | ဟိုပင် | ဟိုပင်-မိုးကောင်း | ၃၂ | ၆၄ | ၁၆၀ | ၁၉၂ | ၂၅၆ | ၃၂၀ | ၄၁၆ | ၄၈၀ | ၆၄၀ | ၉၆၀ | ၁၁၂၀ | ၁၄၄၀ | ၁၉၂၀ | ၂၂၄၀ | ၆၄၀ |
| | | | ဟိုပင်-နန့်စီးအောင် | ၄၁ | ၈၂ | ၂၀၅ | ၂၄၆ | ၃၂၈ | ၄၁၀ | ၅၃၃ | ၆၁၅ | ၈၂၀ | ၁၂၃၀ | ၁၄၃၅ | ၁၈၄၅ | ၂၄၆၀ | ၂၈၇၀ | ၈၂၀ |
| ၅ | မန္တလေး-ရွှေဘို-မြစ်ကြီးနား (လေလံ) | နန့်စီးအောင် | နန့်စီးအောင်-ဟိုပင် | ၄၁ | ၈၂ | ၂၀၅ | ၂၄၆ | ၃၂၈ | ၄၁၀ | ၅၃၃ | ၆၁၅ | ၈၂၀ | ၁၂၃၀ | ၁၄၃၅ | ၁၈၄၅ | ၂၄၆၀ | ၂၈၇၀ | ၈၂၀ |
| ၆ | မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနား (လေလံ) | ကျေးတောကြီးလမ်းဆုံ | သာယာကုန်း-ဆဝမ်ကထောင် | ၆၃/၆ | ၁၂၈ | ၃၁၉ | ၃၈၃ | ၅၁၀ | ၆၃၈ | ၈၂၉ | ၉၅၆ | ၁၂၇၅ | ၁၉၁၃ | ၂၂၃၁ | ၂၈၆၉ | ၃၈၂၅ | ၄၄၆၃ | ၁၂၇၅ |
| | | | ဆဝမ်ကထောင်-သာယာကုန်း | ၆၃/၆ | ၁၂၈ | ၃၁၉ | ၃၈၃ | ၅၁၀ | ၆၃၈ | ၈၂၉ | ၉၅၆ | ၁၂၇၅ | ၁၉၁၃ | ၂၂၃၁ | ၂၈၆၉ | ၃၈၂၅ | ၄၄၆၃ | ၁၂၇၅ |
| ၇ | မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနား (လေလံ) | မန်စီ | ဗန်းမော်-နမ့်ခမ်း | ၆၀ | ၁၂၀ | ၃၀၀ | ၃၆၀ | ၄၈၀ | ၆၀၀ | ၇၈၀ | ၉၀၀ | ၁၂၀၀ | ၁၈၀၀ | ၂၁၀၀ | ၂၇၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၂၀၀ |
| | | | နမ့်ခမ်း-ဗန်းမော် | ၆၀ | ၁၂၀ | ၃၀၀ | ၃၆၀ | ၄၈၀ | ၆၀၀ | ၇၈၀ | ၉၀၀ | ၁၂၀၀ | ၁၈၀၀ | ၂၁၀၀ | ၂၇၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၂၀၀ |
| | **ကယားပြည်နယ်** | | | | | | | | | | | | | | | | | |
| ၁ | အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော် (လေလံ) | နွားလဝိုး | လွိုင်ကော်-ပင်လောင်း | ၅၄ | ၁၀၈ | ၂၇၀ | ၃၂၄ | ၄၃၂ | ၅၄၀ | ၇၀၂ | ၈၁၀ | ၁၀၈၀ | ၁၆၂၀ | ၁၈၉၀ | ၂၄၃၀ | ၃၂၄၀ | ၃၇၈၀ | ၁၀၈၀ |
| | | | ပင်လောင်း-လွိုင်ကော် | ၅၄ | ၁၀၈ | ၂၇၀ | ၃၂၄ | ၄၃၂ | ၅၄၀ | ၇၀၂ | ၈၁၀ | ၁၀၈၀ | ၁၆၂၀ | ၁၈၉၀ | ၂၄၃၀ | ၃၂၄၀ | ၃၇၈၀ | ၁၀၈၀ |
| | **ကရင်ပြည်နယ်** | | | | | | | | | | | | | | | | | |
| ၁ | ဘားအံ-နောင်လုံ-ဂျိုင်း-ကျုံဒိုး (အေးကိုဆောက်လုပ်ရေးကုမ္ပဏီ) | ပညာရေးကောလိပ် | ဘားအံ-ကော့ကရိတ် | ၅၆ | ၁၁၂ | ၂၈၀ | ၃၃၆ | ၄၄၈ | ၅၆၀ | ၇၂၈ | ၈၄၀ | ၁၁၂၀ | ၁၆၈၀ | ၁၉၆၀ | ၂၅၂၀ | ၃၃၆၀ | ၃၉၂၀ | ၁၁၂၀ |
| | | | ကော့ကရိတ်-ဘားအံ | ၅၆ | ၁၁၂ | ၂၈၀ | ၃၃၆ | ၄၄၈ | ၅၆၀ | ၇၂၈ | ၈၄၀ | ၁၁၂၀ | ၁၆၈၀ | ၁၉၆၀ | ၂၅၂၀ | ၃၃၆၀ | ၃၉၂၀ | ၁၁၂၀ |
| | | | ဘားအံ-မော်လမြိုင် | ၄၀ | ၈၀ | ၂၀၀ | ၂၄၀ | ၃၂၀ | ၄၀၀ | ၅၂၀ | ၆၀၀ | ၈၀၀ | ၁၂၀၀ | ၁၄၀၀ | ၁၈၀၀ | ၂၄၀၀ | ၂၈၀၀ | ၈၀၀ |
| ၂ | | ကော့ကရိတ် | မြဝတီ-ကော့ကရိတ် | ၃၉/၄ | ၇၉ | ၁၉၈ | ၂၃၇ | ၃၁၆ | ၃၉၅ | ၅၁၄ | ၅၉၃ | ၇၉၀ | ၁၁၈၅ | ၁၃၈၃ | ၁၇၇၈ | ၂၃၇၀ | ၂၇၆၅ | ၇၉၀ |
| | | | ကော့ကရိတ်-မြဝတီ | ၃၉/၄ | ၇၉ | ၁၉၈ | ၂၃၇ | ၃၁၆ | ၃၉၅ | ၅၁၄ | ၅၉၃ | ၇၉၀ | ၁၁၈၅ | ၁၃၈၃ | ၁၇၇၈ | ၂၃၇၀ | ၂၇၆၅ | ၇၉၀ |
| ၃ | အိန္ဒူ-ဇာသပြင် (အေးကိုဆောက်လုပ်ရေးကုမ္ပဏီ) | အိန္ဒူ | မော်လမြိုင်-ကော့ကရိတ် | ၇၀ | ၁၄၀ | ၃၅၀ | ၄၂၀ | ၅၆၀ | ၇၀၀ | ၉၁၀ | ၁၀၅၀ | ၁၄၀၀ | ၂၁၀၀ | ၂၄၅၀ | ၃၁၅၀ | ၄၂၀၀ | ၄၉၀၀ | ၁၄၀၀ |
| | | | ကော့ကရိတ်-မော်လမြိုင် | ၇၀ | ၁၄၀ | ၃၅၀ | ၄၂၀ | ၅၆၀ | ၇၀၀ | ၉၁၀ | ၁၀၅၀ | ၁၄၀၀ | ၂၁၀၀ | ၂၄၅၀ | ၃၁၅၀ | ၄၂၀၀ | ၄၉၀၀ | ၁၄၀၀ |
| | | | အိန္ဒူ-မော်လမြိုင် | ၂၇/၃ | ၅၅ | ၁၃၇ | ၁၆၄ | ၂၁၉ | ၂၇၄ | ၃၅၆ | ၄၁၁ | ၅၄၈ | ၈၂၁ | ၉၅၈ | ၁၂၃၂ | ၁၆၄၃ | ၁၉၁၆ | ၅၄၈ |
| | | | မော်လမြိုင်-အိန္ဒူ | ၂၇/၃ | ၅၅ | ၁၃၇ | ၁၆၄ | ၂၁၉ | ၂၇၄ | ၃၅၆ | ၄၁၁ | ၅၄၈ | ၈၂၁ | ၉၅၈ | ၁၂၃၂ | ၁၆၄၃ | ၁၉၁၆ | ၅၄၈ |
| | | | မော်လမြိုင်-ဘားအံ | ၄၀ | ၈၀ | ၂၀၀ | ၂၄၀ | ၃၂၀ | ၄၀၀ | ၅၂၀ | ၆၀၀ | ၈၀၀ | ၁၂၀၀ | ၁၄၀၀ | ၁၈၀၀ | ၂၄၀၀ | ၂၈၀၀ | ၈၀၀ |
| ၄ | ကော့ကျိုက်-ကော့ပရံ-ဇာသပြင်အဖြောင့်လမ်း (အေးကိုဆောက်လုပ်ရေးကုမ္ပဏီ) | ကော့ကျိုက် | ကော့ကရိတ်-ဘားအံ | ၅၆ | ၁၁၂ | ၂၈၀ | ၃၃၆ | ၄၄၈ | ၅၆၀ | ၇၂၈ | ၈၄၀ | ၁၁၂၀ | ၁၆၈၀ | ၁၉၆၀ | ၂၅၂၀ | ၃၃၆၀ | ၃၉၂၀ | ၁၁၂၀ |
| | | | ဘားအံ-ကော့ကရိတ် | ၅၆ | ၁၁၂ | ၂၈၀ | ၃၃၆ | ၄၄၈ | ၅၆၀ | ၇၂၈ | ၈၄၀ | ၁၁၂၀ | ၁၆၈၀ | ၁၉၆၀ | ၂၅၂၀ | ၃၃၆၀ | ၃၉၂၀ | ၁၁၂၀ |
| | | | ဘားအံ-မော်လမြိုင် | ၃၀/၂ | ၆၁ | ၁၅၁ | ၁၈၂ | ၂၄၂ | ၃၀၃ | ၃၉၃ | ၄၅၄ | ၆၀၅ | ၉၀၈ | ၁၀၅၉ | ၁၃၆၁ | ၁၈၁၅ | ၂၁၁၈ | ၆၀၅ |
| | | | မော်လမြိုင်-ဘားအံ | ၃၀/၂ | ၆၁ | ၁၅၁ | ၁၈၂ | ၂၄၂ | ၃၀၃ | ၃၉၃ | ၄၅၄ | ၆၀၅ | ၉၀၈ | ၁၀၅၉ | ၁၃၆၁ | ၁၈၁၅ | ၂၁၁၈ | ၆၀၅ |
| ၅ | ဘားအံ-လှိုင်းဘွဲ့ (လေလံ) (လေလံ) | ဘားအံ(လှိုင်းဘွဲ့) | ဘားအံ-လှိုင်းဘွဲ့ | ၂၁/၆ | ၄၄ | ၁၀၉ | ၁၃၁ | ၁၇၄ | ၂၁၈ | ၂၈၃ | ၃၂၆ | ၄၃၅ | ၆၅၃ | ၇၆၁ | ၉၇၉ | ၁၃၀၅ | ၁၅၂၃ | ၄၃၅ |
| | | | လှိုင်းဘွဲ့-ဘားအံ | ၂၁/၆ | ၄၄ | ၁၀၉ | ၁၃၁ | ၁၇၄ | ၂၁၈ | ၂၈၃ | ၃၂၆ | ၄၃၅ | ၆၅၃ | ၇၆၁ | ၉၇၉ | ၁၃၀၅ | ၁၅၂၃ | ၄၃၅ |
| | **ချင်းပြည်နယ်** | | | | | | | | | | | | | | | | | |
| ၁ | ကလေး-ဖလမ်း-ဟားခါး (လေလံ) | ခိုင်ကမ်း | ဖလမ်းနယ်စပ်-ဟားခါး | ၁၁၅/၁ | ၂၃၀ | ၅၇၆ | ၆၉၁ | ၉၂၁ | ၁၁၅၁ | ၁၄၉၇ | ၁၇၂၇ | ၂၃၀၃ | ၃၄၅၄ | ၄၀၂၉ | ၅၁၈၀ | ၆၉၀၈ | ၈၀၅၉ | ၂၃၀၃ |
| | | | ဟားခါး-ဖလမ်းနယ်စပ် | ၁၁၅/၁ | ၂၃၀ | ၅၇၆ | ၆၉၁ | ၉၂၁ | ၁၁၅၁ | ၁၄၉၇ | ၁၇၂၇ | ၂၃၀၃ | ၃၄၅၄ | ၄၀၂၉ | ၅၁၈၀ | ၆၉၀၈ | ၈၀၅၉ | ၂၃၀၃ |
| ၂ | တီးတိန်-ရိဒ် (လေလံ) | ဟိုင်မွှာလ်သစ် | တီးတိန် - ရိဒ် | ၃၁/၅ | ၆၃ | ၁၅၈ | ၁၉၀ | ၂၅၃ | ၃၁၆ | ၄၁၁ | ၄၇၄ | ၆၃၃ | ၉၄၉ | ၁၁၀၇ | ၁၄၂၃ | ၁၈၉၈ | ၂၂၁၄ | ၆၃၃ |
| | | | ရိဒ် - တီးတိန် | ၃၁/၅ | ၆၃ | ၁၅၈ | ၁၉၀ | ၂၅၃ | ၃၁၆ | ၄၁၁ | ၄၇၄ | ၆၃၃ | ၉၄၉ | ၁၁၀၇ | ၁၄၂၃ | ၁၈၉၈ | ၂၂၁၄ | ၆၃၃ |
| ၃ | သိုင်းငင်း-တီးတိန် (လေလံ) | တီးတိန် | သိုင်းငင်း - တီးတိန် | ၂၅/၄ | ၅၁ | ၁၂၈ | ၁၅၃ | ၂၀၄ | ၂၅၅ | ၃၃၂ | ၃၈၃ | ၅၁၀ | ၇၆၅ | ၈၉၃ | ၁၁၄၈ | ၁၅၃၀ | ၁၇၈၅ | ၅၁၀ |
| | | | တီးတိန် - သိုင်းငင်း | ၂၅/၄ | ၅၁ | ၁၂၈ | ၁၅၃ | ၂၀၄ | ၂၅၅ | ၃၃၂ | ၃၈၃ | ၅၁၀ | ၇၆၅ | ၈၉၃ | ၁၁၄၈ | ၁၅၃၀ | ၁၇၈၅ | ၅၁၀ |
| ၄ | ဟားခါး-ဂန့်ဂေါ (လေလံ) | လေအွမ် | ဟားခါး - ဂန့်ဂေါ | ၇၀/၄ | ၁၄၁ | ၃၅၃ | ၄၂၃ | ၅၆၄ | ၇၀၅ | ၉၁၇ | ၁၀၅၈ | ၁၄၁၀ | ၂၁၁၅ | ၂၄၆၈ | ၃၁၇၃ | ၄၂၃၀ | ၄၉၃၅ | ၁၄၁၀ |
| | | | ဂန့်ဂေါ - ဟားခါး | ၇၀/၄ | ၁၄၁ | ၃၅၃ | ၄၂၃ | ၅၆၄ | ၇၀၅ | ၉၁၇ | ၁၀၅၈ | ၁၄၁၀ | ၂၁၁၅ | ၂၄၆၈ | ၃၁၇၃ | ၄၂၃၀ | ၄၉၃၅ | ၁၄၁၀ |
| ၅ | ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ် (လေလံ) | လုတ်တက် | ကျောက်ထု - မင်းတပ် | ၁၂/၇ | ၂၆ | ၆၄ | ၇၇ | ၁၀၃ | ၁၂၉ | ၁၆၇ | ၁၉၃ | ၂၅၈ | ၃၈၆ | ၄၅၁ | ၅၇၉ | ၇၇၃ | ၉၀၁ | ၂၅၈ |
| | | | မင်းတပ် - ကျောက်ထု | ၁၂/၇ | ၂၆ | ၆၄ | ၇၇ | ၁၀၃ | ၁၂၉ | ၁၆၇ | ၁၉၃ | ၂၅၈ | ၃၈၆ | ၄၅၁ | ၅၇၉ | ၇၇၃ | ၉၀၁ | ၂၅၈ |
| | **တနင်္သာရီတိုင်းဒေသကြီး** | | | | | | | | | | | | | | | | | |
| ၁ | ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ် (လေလံ) | အိမ်ရှေ့ပြင် | ထားဝယ်-ရေးနယ်စပ် | ၈၁/၆ | ၁၆၄ | ၄၀၉ | ၄၉၀ | ၆၅၄ | ၈၁၈ | ၁၀၆၃ | ၁၂၂၆ | ၁၆၃၅ | ၂၄၅၃ | ၂၈၆၁ | ၃၆၇၉ | ၄၉၀၅ | ၅၇၂၃ | ၁၆၃၅ |
